


စိတ်ဓာတ်ခွန်အားစာစုများ
မင်း ဘယ်လောက်တော်တော်
အောင်မြင်ခြင်း ဟာ
မင်းရှေ့လာပြီး ဒူးမထောက်ဘူး
(တတိယအကြိမ်)
သံစဉ်သစ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အရှုံးထဲကနေ ရှန်းထသူ | ၆ |
| ၂။ | အမှားတွေကြားထဲမှာ မရှင်သန်ပါနဲ့ | ၂၆ |
| ၃။ | ဦးနှောက်ကို အရောင်တင်ပေးပါ | ၄၁ |
| ၄။ | အောင်မြင်ချင်ရင် မကြောက်နဲ့ | ၅၁ |
| ၅။ | စာအိတ်သုံးအိတ် ပုံပြင် | ၆၂ |
| ၆။ | မင်း ဘယ်လောက်တော်တော် အောင်မြင်ခြင်းဟာ မင်းရှေ့လာပြီး ဒူးမထောက်ဘူး | ၈၆ |




လူတစ်ယောက်ဟာ

သူ့ရဲ့ ဖန်တီးမှုစွမ်းရည်တွေ

ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုရင်


စဉ်ဆက်မပြတ်

တွေးတောကြံဆပြီး

တိတိကျကျ အကောင်အထည်

ဖော်ရပါတယ်။

သံစဉ်သစ်



# အချိုးထဲကနေ ရှင်းထသူ

ဘဝဆိုတာ ကြိုးစားပြီး
ရှင်သန်နေသမျှ ကာလပတ်လုံး
လုံးဝ လဲမကျသေးပါဘူး။

ကျွန်တော်တို့ဟာ ဘယ်လိုဘဝတွေကြားထဲမှာ မွေးဖွားလာခဲ့ပါသလဲ…?

ကျွန်တော်တို့ဟာ ဘယ်လိုအခြေအနေမျိုးတွေနဲ့ ကြီးပြင်းလာခဲ့ပါသလဲ…?

ကျွန်တော်တို့ဟာ ဘယ်လိုပုံစံမျိုးတွေနဲ့ ရှင်သန်နေခဲ့ပါသလဲ…?

တကယ်တော့ ဒါဟာ ကျွန်တော်တို့ဘဝမှာ သိပ်ပြီးအရေးကြီးတဲ့ အရာတော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ ဘယ်လို ဘဝမျိုးမှာပဲ မွေးဖွားလာပါစေ၊ ဘယ်လိုအခြေအနေမျိုးမှာပဲ ကြီးပြင်းလာပါစေ၊ ဘယ်လိုပုံစံမျိုးနဲ့ပဲ ရှင်သန်နေပါစေ ကျွန်တော်တို့ရင်ထဲမှာ ကျွန်တော်တို့လိုချင်တဲ့အရာတွေကို ရယူပိုင်ဆိုင်နိုင်ဖို့ဆိုရင် ထက်သန်တဲ့စိတ်ဓာတ်တွေရှိနေဖို့ပဲ လိုအပ်ပါတယ်။

တကယ်တော့
လူတစ်ယောက်ဟာ
ဘယ်လောက်ပဲ တော်ပါစေ
ဘယ်လောက်ပဲ
ထူးချွန်ထက်မြက်နေပါစေ
ထက်သန်တဲ့စိတ်ဓာတ်မရှိဘဲ
အောင်မြင်မှုလမ်းကို
လျှောက်ချင်လို့ မရပါဘူး။

ထက်သန်တဲ့စိတ်ဓာတ်မရှိဘဲ
အောင်မြင်မှုတွေကို
သိမ်းပိုက်ချင်လို့ မရပါဘူး။

ထက်သန်တဲ့ စိတ်ဓာတ်မရှိဘဲ
ဘဝတစ်ခုလုံးကို
ပြောင်းလဲပစ်ချင်လို့ မရပါဘူး။

ယနေ့ ကမ္ဘာပေါ်မှာ အောင်မြင်နေကြတဲ့ပုဂ္ဂိုလ်တွေဟာ အရမ်းတော်၊ အရမ်းထက်မြက်နေလို့ အောင်မြင်နေကြတာလို့ ထင်နေပါသလား။

သူတို့ဟာ ကိုယ်ကိုယ်တိုင် ယုံကြည်ရာ ပန်းတိုင်တစ်ခုကို ထက်သန်တဲ့စိတ်ဓာတ်တွေနဲ့ ရောက်အောင်သွားပြီး အောင်မြင်မှုကို ဆွတ်ခူးနိုင်လို့သာ အောင်မြင်တဲ့လူအဖြစ် ကမ္ဘာကြီးက အသိအမှတ်ပြုခဲ့ကြတာပါ။

ဒါကြောင့် ကျွန်တော်တို့ဘဝတွေမှာ ကျွန်တော်တို့ လိုချင်တဲ့ အောင်မြင်မှုတွေကို ရရှိပိုင်ဆိုင်ဖို့ဆိုရင် ထက်သန်တဲ့စိတ်ဓာတ်ကို စဉ်ဆက်မပြတ် မွေးမြူရပါမယ်။ အချိန်တိုင်း ထက်သန်တဲ့စိတ်ဓာတ်တွေနဲ့

ကျွန်တော်တို့ဘဝကို တောက်ပအောင် ကြိုးစားရပါမယ်။ ထက်သန်တဲ့ စိတ်ဓာတ်တွေနဲ့ ကျွန်တော်တို့ရဲ့ကိုယ်ရည်ကိုယ်သွေးတွေကို ထက်မြက်နေအောင် သွေးပေးရပါမယ်။

တကယ်တော့ ထက်သန်တဲ့စိတ်ဓာတ်ဆိုတာ အောင်မြင်ခြင်းရဲ့ မျိုးစေ့ပါပဲ။ တကယ်လို့ အဲဒီမျိုးစေ့လေးတောင်မရှိခဲ့ရင် အောင်မြင်ခြင်းဆိုတဲ့အရာကို ကျွန်တော်တို့ ဘယ်လောက်ပဲလိုချင်တပ်မက်နေပါစေ ဘယ်သောအခါမှ ပိုင်ဆိုင်ခွင့်ရမှာမဟုတ်ပါဘူး။

ဒါကြောင့် ကျွန်တော်တို့ဟာ အောင်မြင်မှုတွေ၊ ကျော်ကြားမှုတွေကို နှစ်နှစ်ခြိုက်ခြိုက် ခံစားချင်ရင်၊ အောင်မြင်ကျော်ကြားသူတို့ရဲ့လမ်းစဉ်အတိုင်း ထက်သန်တဲ့စိတ်ဓာတ်ကို တိတိကျကျ မွေးမြူရပါမယ်။

ပြီးတော့ ကျွန်တော်တို့လိုချင်တဲ့အရာအပေါ်မှာ အစဉ်အမြဲ စိတ်ရောကိုယ်ပါ နစ်မြှုပ်ထားရပါမယ်။

လူတစ်ယောက်ဟာ သူ့ဘဝမှာ သူဖြစ်ချင်တာကို သူသာ အသိဆုံးပါ။ သူ ဘာလိုချင်သလဲ၊ သူ ဘယ်ဘဝကို ရောက်ချင်သလဲဆိုတာ သူပဲ သိပါတယ်။ သေချာတာတစ်ခုကတော့ ဘယ်သူမှ ဆင်းရဲတဲ့ဘဝ၊ နိမ့်ကျတဲ့ဘဝ၊ မပြည့်စုံတဲ့ဘဝတွေနဲ့တော့ မနေချင်ကြပါဘူး။

အနည်းဆုံးတော့ သူများနဲ့တန်းတူ ရှင်သန်ချင်ကြပါတယ်။ သူများနဲ့တန်းတူ သန်မာချင်ကြပါတယ်။ သူများနဲ့တန်းတူ အောင်မြင်ချင်ကြပါတယ်။

အဲဒီလို သူများထက်မသာရင်တောင် နိမ့်ကျတဲ့ဘဝကိုမရောက်ဖို့ဆိုရင် ထက်သန်တဲ့စိတ်ဓာတ်ကို အခြေခိုင်အောင် တည်ဆောက်ရပါမယ်။ မိမိကိုယ်ကို စဉ်ဆက်မပြတ် တွန်းအားပေးနေရပါမယ်။

ဝမ်းနည်းကြေကွဲမှုတွေ၊ စိတ်ပျက်အားငယ်မှုတွေ၊ အဆင်မပြေမှုတွေနဲ့ တွေ့ကြုံလာတိုင်း ထက်သန်တဲ့စိတ်ဓာတ်နဲ့ နင်းချေပစ်ရင်း အောင်မြင်

မှုကို သိမ်းပိုက်ရပါမယ်။

ဒါကြောင့် ဘဝကို ဘယ်လိုမွေးဖွားလာသလဲဆိုတာ စိတ်မဝင်စားပါနဲ့။

ဘယ်လိုကြီးပြင်းလာသလဲဆိုတာ စိတ်မဝင်စားပါနဲ့။

ဘယ်လိုရှင်သန်နေသလဲဆိုတာ စိတ်မဝင်စားပါနဲ့။

ကျွန်တော်တို့ရင်ထဲမှာ ထက်သန်တဲ့စိတ်ဓာတ်တွေသာရှိနေမယ်ဆိုရင် ဆင်းဆင်းရဲရဲ မွေးဖွားလာပေမယ့် သူဌေးကြီးဖြစ်နိုင်ပါတယ်။ အတန်းပညာမတတ်ပေမယ့် ပညာရှိကြီးဖြစ်နိုင်ပါတယ်။ မျိုးရိုးနိမ့်ပေမယ့် အမြင့်ဆုံးကို တက်လှမ်းနိုင်ပါတယ်။

ကျွန်တော်တို့မှာသာ ထက်သန်တဲ့စိတ်ဓာတ်ရှိပါ၊ အောင်မြင်မှုဆိုတဲ့အရာဟာ ကျွန်တော်တို့လက်ထဲကနေ ပြေးမလွတ်ပါဘူး။

တစ်ခါတုန်းက ရွာလေးတစ်ရွာမှာ အမေတစ်ခု၊ သားတစ်ခုနဲ့ ဘဝကို ဆင်းဆင်းရဲရဲနဲ့ ဖြတ်သန်းနေရတဲ့ လူငယ်လေးတစ်ယောက် ရှိပါတယ်။ အဲဒီလူငယ်လေးဟာ စာကို ရေးတတ်ဖတ်တတ်ရုံသာ တတ်ထားတာကြောင့် ပတ်ဝန်းကျင်အလယ်မှာ မျက်နှာငယ်ခဲ့ရပါတယ်။

ပြီးတော့ အရပ်က ပုပျပ်ပျပ်၊ ခန္ဓာကိုယ်က သေးသေးဆိုတော့ သူ့ကို ဘယ်သူကမှ အထင်မကြီးကြပါဘူး။

ဒါပေမဲ့ အဲဒီလူငယ်လေးဟာ ဘဝကို ဆင်းဆင်းရဲရဲနဲ့ ဖြတ်သန်းခဲ့ပေမယ့် သူ့ရဲ့ဘဝကို ရောက်တဲ့နေရာမှာပဲ ရပ်တန့်ဖို့ စိတ်ကူးမရှိခဲ့ပါဘူး။ ပြီးတော့ ဆင်းရဲတဲ့မိခင်ကြီးကို ပြည့်ပြည့်စုံစုံထားချင်တဲ့စိတ်က သူ့ရင်ထဲမှာ ကြီးစိုးနေခဲ့ပါတယ်။

ဒါကြောင့်လည်း သူဟာ စာမတတ်ပေမတတ်၊ လူဖျင်းလူအ၊ လူညံ့လို့ ပတ်ဝန်းကျင်က သတ်မှတ်ထားပေမယ့်လည်း သူ့ရဲ့ဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမြဲတမ်း ကြံစည်တွေးတောခဲ့ပါတယ်။ ကောင်းမွန်တဲ့

အခွင့်အလမ်းကောင်းတွေကို ရှာဖွေခဲ့ပါတယ်။

**လူတစ်ယောက်ဟာ**
**ဘယ်လောက်ပဲ တော်ပါစေ၊**
**ဘယ်လောက်ပဲ အောင်မြင်ချင်ပါစေ၊**
**ကောင်းမွန်တဲ့ အခွင့်အလမ်းကောင်းတွေနဲ့**
**မတွေ့ကြုံခဲ့ဘူးဆိုရင်**
**သူ့ရဲ့အရည်အချင်းတွေ**
**သူ့ရဲ့အောင်မြင်မှုတွေဟာ**
**ဘယ်သောအခါမှ ထွန်းတောက်လာမှာ**
**မဟုတ်ပါဘူး။**

တစ်နေ့မှာတော့ လူငယ်လေးဟာ မြို့ပေါ်က ပြန်လာတဲ့ လူတစ်ယောက်ဆီက သတင်းတစ်ခုကို ရလိုက်ပါတယ်။ အဲဒီသတင်းကတော့ မြို့ပေါ်က နာမည်ကြီးသူဌေးကြီးတစ်ယောက်ရဲ့ပွဲရုံမှာ လူလိုကြောင်း၊ ကြိုးစားချင်တဲ့ လူငယ်လူရွယ်မှန်သမျှ မည်သူမဆို အလုပ်လာလျှောက်လို့ရကြောင်း၊ လုပ်ငန်းအတွေ့အကြုံမလို၊ အတန်းပညာမလိုဘဲ စာကို ကောင်းကောင်းရေးတတ်ဖတ်တတ်ရင်ရကြောင်း…စတဲ့သတင်းစကားတွေပါပဲ။

လူငယ်လေးဟာ သတင်းစကားကို ကြားတယ်ဆိုရင်ပဲ အားရဝမ်းသာဖြစ်ကာ မိခင်ဖြစ်သူဆီ ခွင့်တောင်းလိုက်ပါတယ်။ မိခင်ဖြစ်သူက ခွင့်ပြုလိုက်တဲ့အခါမှာတော့ လူငယ်လေးဟာ ပွဲရုံမှာ အလုပ်လျှောက်ဖို့အတွက် ပြင်ဆင်ပါတော့တယ်။

အဲဒီလို လူငယ်လေးဟာ မြို့ပေါ်က သူဌေးကြီးရဲ့ပွဲရုံမှာ အလုပ်သွားလျှောက်မယ့်သတင်းကို ကြားတဲ့အခါမှာတော့ သူ့ကို စာမတတ်

ပေမတတ်၊ လူနုံလူအ၊ လူဖျင်းလူညံ့လို့ သတ်မှတ်ထားတဲ့ ရွာသူရွာသား တွေဟာ ဝိုင်းပြီးလှောင်ပြောင်ရယ်မောကြပါတယ်။

သူ့ရဲ့သူငယ်ချင်းအချို့က မဖြစ်နိုင်တဲ့အရာကို စိတ်ကူးမယဉ်ဖို့ ပြောကြပါတယ်။ ပြီးတော့ ပညာတတ်တွေ၊ လူတော်တွေ ပေါများနေတဲ့ မြို့ကြီးပြကြီးမှာ အလုပ်သွားလျှောက်ဖို့ဆိုတာ မလွယ်ကူကြောင်း၊ အလုပ်ရဖို့ဆိုတာ လုံးဝမဖြစ်နိုင်ကြောင်း ပြောဆိုတားမြစ်ကြပါတယ်။

ဒါပေမဲ့ ဘယ်သူတွေ ဘယ်လိုပဲပြောပြော လူငယ်လေးရဲ့အမေကတော့ သူ့သားရဲ့ဆန္ဒကို အားပေးတိုက်တွန်းခဲ့ပါတယ်။ ဒီလိုနဲ့ အလုပ်လျှောက်ရမယ့်နေ့ကို ရောက်တဲ့အခါမှာတော့ လူငယ်လေးဟာ မြို့ပေါ်ကို တက်လာခဲ့ပါတယ်။

**ဒီခရီးဟာ**
**လူငယ်လေးအတွက်**
**ပထမဆုံးအကြိမ်**
**စွန့်စားခန်းဆိုပေမယ့်**
**ကြောက်ရွံ့ထိတ်လန့်မှုတွေ**
**ရှိမနေခဲ့ပါဘူး။**

**မအောင်မြင်ရင်**
**ဘယ်လိုလုပ်မလဲဆိုတဲ့**
**အတွေးမျိုးတွေလည်း**
**လုံးဝမတွေးထားခဲ့ပါဘူး။**

လူငယ်လေးဟာ မြို့ပေါ်ကိုရောက်တဲ့အခါမှာတော့ သူဌေးကြီးရဲ့ ပွဲရုံကို မေးစမ်းပြီးလာခဲ့ပါတယ်။ ပွဲရုံကိုရောက်တော့ သူနဲ့မတိမ်းမယိမ်း လောက်ရှိတဲ့ လူငယ်အယောက် (၂၀)လောက်ဟာ ငြိမ်ငြိမ်လေးထိုင်နေတာ

ကို တွေ့လိုက်ရပါတယ်။

သူတို့ဟာ လူတော်လူကောင်းပုံစံမျိုးနဲ့ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပါတယ်။ ပညာတတ်ဟန်မျိုးနဲ့ မျက်နှာကို တည်တည်ကြည်ကြည်ထားကြပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ၊ အထင်ကြီးမှုတွေလည်း ပေါ်လွင်နေပါတယ်။

ပွဲရုံမန်နေဂျာက လူငယ်လေးကိုမြင်တော့ "ဘာကိစ္စလဲ" လို့ မေးမြန်းလိုက်ပါတယ်။ လူငယ်လေးက အလုပ်လာလျှောက်ကြောင်းပြောတော့ မန်နေဂျာက လူငယ်လေးရဲ့နာမည်နဲ့လိပ်စာ၊ အတန်းပညာကို မေးပါတယ်။ လူငယ်လေးဟာ နာမည်နဲ့နေရပ်လိပ်စာပြောပြီး အတန်းပညာနေရာမှာ လေးတန်းကို နှစ်ခါကျလို့ ရိုးရိုးသားသား ဖြေလိုက်တော့ သူ့ကို လှောင်ပြောင်တဲ့ ရယ်သံအချို့ တိုးတိုးတိတ်တိတ် ထွက်ပေါ်လာပါတယ်။

ပြီးတော့ ခပ်နွမ်းနွမ်း ဝတ်ဆင်ထားပြီး အထင်ကြီးစရာမရှိတဲ့ သူ့ကို ဝိုင်းကြည့်လိုက်ကြပါတယ်။ ဒါပေမဲ့ လူငယ်လေးဟာ ဘယ်အရာကိုမှ ဂရုမစိုက်ခဲ့ပါဘူး။ သူ့ရဲ့မျက်နှာပေါ်မှာလည်း သိမ်ငယ်ကြောက်ရွံ့စိတ်တွေ ရှိမနေပါဘူး။

လူငယ်လေးဟာ မန်နေဂျာထံမှာ စာရင်းပေးပြီးတဲ့နောက် နေရာလွတ်မှာ သွားရောက်ထိုင်နေခဲ့ပါတယ်။

ခဏကြာတော့ မန်နေဂျာက အလုပ်လာလျှောက်တဲ့သူတွေအားလုံးကို တစ်ချက်ကြည့်ပြီး "အခုရောက်နေတဲ့ လူငယ်အားလုံးဟာ အလုပ်လာလျှောက်တာဖြစ်ကြောင်း၊ အလုပ်ခေါ်တဲ့နေရာမှာ လူဦးရေ ကန့်သတ်မထားတဲ့အတွက် အားလုံးကြိုးစားကြဖို့လိုကြောင်း၊ အခု အလုပ်လာလျှောက်တဲ့အထဲမှာ ပညာတတ်တဲ့သူတွေ၊ ပွဲရုံလုပ်ငန်းကို အတွေ့အကြုံရှိသူတွေ၊ စာရင်းအင်းကို နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်သူတွေပါကြောင်း၊ ဒါပေမဲ့ သူဌေးကြီးက အလုပ်လာလျှောက်တဲ့သူတွေကို စမ်းသပ်မှုတစ်ခု

ပြုလုပ်မှာဖြစ်ကြောင်း၊ စမ်းသပ်မှုကို အောင်မြင်မှသာ အလုပ်ခန့်မှာဖြစ်ကြောင်း၊ ဒါကြောင့် မိမိတို့ဟာ ဘယ်လောက်ပဲတော်တော်၊ သူဌေးကြီးရဲ့ စမ်းသပ်မှုကို ဖြတ်ကျော်ပြနိုင်မှသာ အလုပ်ရမှာဖြစ်ကြောင်း အားလုံး အောင်မြင်ပါစေကြောင်း ပြောဆိုပြီး ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

အဲဒီလိုနဲ့ စမ်းသပ်မှုတစ်ခုကို ပြုလုပ်မယ့်အချိန်ရောက်တဲ့အခါမှာ တော့ သူဌေးကြီးကိုယ်တိုင်ရောက်လာပြီး သူတို့အားလုံးကို အခန်းလွတ် တစ်ခုထဲကို ခေါ်သွားပါတယ်။ အခန်းလွတ်ထဲကိုရောက်တဲ့အခါမှာတော့ သူဌေးကြီးဟာ သူတို့လက်ထဲကို ပဲစေ့လေးတွေ (၁၀)စေ့စီပေးပြီး သူပြော တဲ့နေရာမှာရပ်စေကာ မနီးမဝေးမှာ အသင့်ထောင်ထားတဲ့ ပုလင်းလွတ်ထဲ ကို ပဲစေ့လေးတွေ တစ်စေ့ချင်း ပစ်ထည့်စေခဲ့ပါတယ်။

အဲဒီလို သူဌေးကြီးရဲ့စမ်းသပ်မှုကို သိလိုက်ရတဲ့အခါမှာတော့ ကိုယ့်ကိုယ်ကိုယ် လူတော်လို့သတ်မှတ်ထားသူတွေ၊ အလုပ်ကျိန်းသေရမယ် ဆိုပြီး ယုံကြည်ထားသူတွေဟာ မျက်နှာပျက်သွားကြပါတယ်။

ဒါပေမဲ့ သူဌေးကြီးရဲ့အရှိန်အဝါကို ကြောက်ရွံ့နေတာကြောင့် ဘာမှမပြောရဲဘဲ ခိုင်းတဲ့အတိုင်း ပုလင်းထဲကို ပဲစေ့လေးတွေဝင်အောင် ပစ်ထည့်ကြပါတယ်။ သူတို့ဟာ ဘယ်လောက်ပဲ ကြိုးစားပြီး ပစ်ထည့်ကြ ပါစေ ဘယ်သူမှ ပဲစေ့လေးတွေကို ဝင်အောင်ပစ်မထည့်နိုင်ကြပါဘူး။

သူတို့အားလုံး ပစ်ထည့်ပြီးတဲ့အချိန်မှာတော့ သူဌေးကြီးက-

"ကဲ...ဒီနေ့တော့ ဒီလောက်ပါပဲ။ ဘယ်သူမှ စမ်းသပ်မှုကို မအောင်မြင်ကြပါဘူး။ တကယ်လို့ ဆက်လက်ပြီး ကြိုးစားချင်တယ်ဆိုရင် ရှေ့တစ်ပတ် လာခဲ့ကြပါ။ မင်းတို့တွေ ဘယ်လောက်ပဲတော်ပါစေ၊ ဘယ် လောက်ပဲ ထက်မြက်နေပါစေ၊ ဘယ်လောက်ပဲ လုပ်ငန်းအတွေ့အကြုံ ရှိပါစေ ပဲစေ့ (၁၀)စေ့လုံး ပုလင်းထဲကိုဝင်အောင် ပစ်နိုင်တဲ့လူကိုပဲ

ငါ့ရဲ့ပွဲရုံမှာ လခကောင်းကောင်းပေးပြီး အလုပ်ခန့်မယ်'' လို့ ပြောလိုက်ပါတယ်။

သူဌေးကြီးရဲ့စကားအဆုံးမှာတော့ အလုပ်လာလျှောက်တဲ့သူတွေအားလုံးဟာ ပွဲရုံကနေ ပြန်လာခဲ့ကြပါတယ်။ အဲဒီထဲမှာ ကိုယ့်ကိုယ်ကိုယ်လူတော်လို့ သတ်မှတ်ထားသူတွေ၊ အလုပ်ရမယ်လို့ ကျိန်းသေယုံကြည်ထားသူတွေရဲ့မျက်နှာပေါ်မှာ စိတ်ပျက်ခြင်းများစွာ ဖြစ်ပေါ်နေပါတယ်။

ပြီးတော့ သူဌေးကြီးရဲ့စမ်းသပ်မှုတစ်ခုအပေါ်မှာ မကျေနပ်တဲ့ပုံစံမျိုးနဲ့ ပွစိပွစိ ပြောဆိုနေခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီထဲမှာ လူငယ်လေးတော့ မပါခဲ့ပါဘူး။

လူငယ်လေးဟာ မအောင်မြင်မှုတွေနဲ့အတူ ရွာကို ပြန်ရောက်တဲ့အခါမှာတော့ ရွာသူရွာသားတွေရဲ့လှောင်ပြောင်ခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံခဲ့ရပါတယ်။ သူဌေးကြီးရဲ့စမ်းသပ်မှုဟာ ဘယ်လိုပုံစံမျိုးလဲဆိုတာ မမေးဘဲ လူငယ်လေးရဲ့မအောင်မြင်မှုကိုပဲ ဝိုင်းပြီးအပြစ်တင်နေခဲ့ပါတယ်။

ဒါပေမဲ့လည်း လူငယ်လေးဟာ ပတ်ဝန်းကျင်ရဲ့ဝေဖန်တိုက်ခိုက်မှုတွေကို ဂရုမစိုက်ခဲ့သလို စိတ်ဓာတ်လည်းမကျခဲ့ပါဘူး။ သူဟာ ပညာကိုကောင်းကောင်းမသင်ခဲ့ရပေမယ့် ကောင်းမွန်တဲ့အခွင့်အလမ်းတိုင်းမှာ အခက်အခဲဆိုတာရှိနေမှန်း သိထားပါတယ်။

**လူတစ်ယောက်ဟာ**
**ဘယ်လောက်ပဲတော်နေပါစေ၊**
**ထက်မြက်နေပါစေ၊**
**အခက်အခဲတွေကို**
**ဖြတ်ကျော်နိုင်တဲ့**
**ခွဲသတ္တိမရှိရင်**
**အောင်မြင်မှုဆိုတာကို**

**ပိုင်ဆိုင်ခွင့်ရမှာ မဟုတ်ပါဘူး။**
**ပြီးတော့**
**သန်မာတဲ့စိတ်ဓာတ်နဲ့**
**အောင်မြင်မှုတွေကို**
**သိမ်းပိုက်ဖို့ဆိုရင်**
**စမ်းသပ်မှုတိုင်းကို**
**ဖြတ်ကျော်နိုင်ရပါမယ်။**

ဒါကြောင့် လူငယ်လေးဟာ အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ မိခင်ဖြစ်သူကို အကျိုးအကြောင်းပြောပြီး ပုလင်းလွတ်တစ်ခုနဲ့ ပဲစေ့လေးတွေကို ရှာဖွေကာ လေ့ကျင့်ခဲ့ပါတယ်။

**လူဆိုတာ**
**အောင်မြင်မှုကို လိုချင်ရင်**
**အောင်မြင်ချင်တဲ့စိတ်ဓာတ်နဲ့**
**ရှင်သန်နိုင်ဖို့ လိုအပ်ပါတယ်။**

**အခက်အခဲတိုင်းကို**
**အခွင့်အလမ်းကောင်းလို့ ခံယူပြီး**
**ဖြတ်ကျော်နိုင်ဖို့ ကြိုးစားရပါမယ်။**

ဒီလိုနဲ့ နောက်တစ်ပတ်ကိုရောက်တဲ့အခါမှာတော့ လူငယ်လေးဟာ တက်ကြွတဲ့ခြေလှမ်းတွေနဲ့ ပွဲရုံဆီကိုလာခဲ့ပါတယ်။ ပွဲရုံကိုရောက်တဲ့အခါမှာတော့ သူ့အရင်ရောက်နေတဲ့ လူ (၁၀)ယောက်လောက်ကိုသာ တွေ့လိုက်ရပါတယ်။

သူဟာ မန်နေဂျာဆီမှာ စာရင်းပေးပြီး ခဏကြာတဲ့အခါမှာတော့

သူဌေးကြီးဟာ သူတို့ကို စမ်းသပ်ဖို့ ရောက်ရှိလာပါတယ်။ ပြီးတော့ ပထမအပတ်ကလိုပဲ အခန်းလွတ်တစ်ခုထဲကို ခေါ်သွားပြီး တစ်ယောက်ကို ပဲစေ့ (၁၀)စေ့စီပေးကာ ပုလင်းထဲကို ပစ်ထည့်နိုင်းပြန်ပါတယ်။

ဒီတစ်ခါတော့ အလုပ်လာလျှောက်တဲ့လူငယ်တိုင်းဟာ ပဲစေ့တွေ အားလုံးကို ပုလင်းထဲဝင်အောင် မပစ်ထည့်နိုင်ပေမယ့် နှစ်စေ့၊ သုံးစေ့ လောက်ဝင်အောင်တော့ ပစ်ထည့်နိုင်ခဲ့ပါတယ်။ အားလုံးပစ်ထည့်ပြီးတဲ့ အခါကျတော့ သူဌေးကြီးက သူတို့ကို ပြုံးကြည့်ပြီး–

"မင်းတို့အားလုံး တော်တော်ကြိုးစားကြပါတယ်။ ထပ်ပြီးကြိုးစား ကြပါ။ လူဆိုတာ ကြိုးစားနေသမျှ ဘာမဆို မျှော်လင့်နိုင်ကြပါတယ်။ ဒါကြောင့် မင်းတို့ရဲ့မျှော်လင့်ချက်တွေ၊ အောင်မြင်ဖြစ်ထွန်းဖို့ဆိုရင် ကြိုးစား မှုကို လုံးဝရပ်မပစ်လိုက်ကြပါနဲ့။ နောက်တစ်ပတ်လည်း လာရောက်ပြီး အစမ်းသပ်ခံမယ်လို့ မျှော်လင့်ပါတယ်" လို့ ပြောလိုက်ပါတယ်။

အဲဒီနောက် သူတို့ဟာ ပွဲရုံကနေ ပြန်လာခဲ့ပါတယ်။ လူငယ်လေး ဟာ အိမ်ရောက်တယ်ဆိုရင်ပဲ မိခင်ဖြစ်သူကို အကျိုးအကြောင်းပြောပြ ကာ သူ့ကို ထပ်ပြီးကြိုးစားခွင့်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။

အဲဒီအခါမှာ မိခင်ဖြစ်သူက–

"ငါ့သား…ဘယ်အလုပ်မဆို ကြိုးစားမှုနဲ့ ရှင်သန်ပါ။ အောင်မြင် မှုအတွက် ဘယ်သောအခါမှ စိတ်မလျှော့ပါနဲ့။ ငါ့သား လုပ်နိုင်မယ်လို့ အမေ ယုံကြည်တယ်" ဆိုပြီး အားပေးစကားပြောလိုက်ပါတယ်။

မိခင်ဖြစ်သူရဲ့စကားကိုကြားတဲ့အခါမှာတော့ လူငယ်လေးရဲ့ရင်ထဲ မှာ ကြက်သီးတွေ တဖြန်းဖြန်းထပြီး ပြင်းထန်တဲ့စိတ်ခွန်အားတွေ ရရှိခဲ့ ပါတယ်။

အဲဒီနောက် လူငယ်လေးဟာ ပတ်ဝန်းကျင်ရဲ့လှောင်ပြောင်ဝေဖန်မှု တွေကို ဥပေက္ခာပြုရင်း အဆက်မပြတ် လေ့ကျင့်ခဲ့ပါတယ်။ ကြိုးစားခဲ့ပါ

တယ်။ အရှုံးမပေးဘူး။ လွယ်လွယ်နဲ့ နောက်မဆုတ်ဘူးဆိုတဲ့စိတ်နဲ့ အချိန်တွေကို အကျိုးရှိရှိ အသုံးချခဲ့ပါတယ်။

ဒီလိုနဲ့ နောက်တစ်ပတ်ကိုရောက်တဲ့အခါမှာတော့ လူငယ်လေးဟာ ပေါ့ပါးတဲ့ခြေလှမ်းတွေနဲ့ ပွဲရုံဆီကို လာခဲ့ပြန်ပါတယ်။ သူ ပွဲရုံကို ရောက်တဲ့အချိန်မှာတော့ သူ့အရင်ရောက်နေတဲ့ လူငါးယောက်လောက်သာ တွေ့လိုက်ရပါတယ်။ အဲဒီနောက် လူငယ်လေးဟာ မန်နေဂျာဆီမှာ စာရင်းပေးပြီး သူဌေးကြီးလာမယ့်အချိန်ကို ထိုင်စောင့်နေခဲ့ပါတယ်။

သူတို့ဟာ အချိန်အတော်ကြာစောင့်တဲ့အချိန်မှာတော့ သူဌေးကြီးဟာရောက်လာပြီး အရင်အပတ်တွေကလိုပဲ ပဲစေ့ (၁၀)စေ့စီပေးကာ ပုလင်းလွတ်ထဲကို ပစ်ထည့်ခိုင်းပါတယ်။

ဒီတစ်ခါလည်း သူတို့ဟာ ပဲစေ့တွေအားလုံးကို ပုလင်းထဲဝင်အောင် မပစ်နိုင်ပေမယ့် ငါးစေ့၊ ခြောက်စေ့လောက်ဝင်တဲ့အထိ ပစ်နိုင်ကြပါတယ်။ သူတို့အားလုံး ပစ်ပြီးတဲ့အခါမှာတော့ သူဌေးကြီးက ပြုံးပြီး-

"မင်းတို့အားလုံး လူငယ်ပီပီ တကယ်ကြိုးစားကြပါတယ်။ ဘဝမှာ အောင်မြင်သူတွေရဲ့ သွားရာလမ်းဟာ ဘယ်သောအခါမှ မရှောရှူ တတ်ပါဘူး။ ဒါကြောင့် အောင်မြင်ချင်ရင် မင်းတို့ရင်ထဲမှာ စီးဆင်းနေတဲ့ အောင်မြင်ချင်တဲ့စိတ်ကလေးကို မရပ်တန့်လိုက်ပါနဲ့။ နောက်တစ်ပတ်လည်း လာပြီးကြိုးစားကြမယ်လို့ မျှော်လင့်ပါတယ်"

ဆိုပြီး ပြောလိုက်ပါတယ်။

အဲဒီနောက် သူတို့အားလုံးဟာ ပွဲရုံကနေ ပြန်လာခဲ့ကြပါတယ်။ လူငယ်လေးဟာ အိမ်ကိုရောက်တဲ့အခါမှာတော့ မိခင်ဖြစ်သူကို အကျိုးအကြောင်းပြောပြပါတယ်။ ဒီတော့ မိခင်ဖြစ်သူက-

"အောင်မြင်မှုဆိုတာ လွယ်လွယ်နဲ့ရတတ်တဲ့အရာမဟုတ်ကြောင်း၊ အောင်မြင်မှုတိုင်းမှာ အခက်အခဲဆိုတာရှိကြောင်း၊ အဲဒီအခက်အခဲကို

ဖြတ်ကျော်နိုင်မှသာ စစ်မှန်တဲ့အောင်မြင်မှုကိုရမှာဖြစ်ကြောင်း ပြောဆို အားပေးခဲ့ပါတယ်။

လူငယ်လေးဟာ မိခင်ရဲ့စကားကို နားထောင်ပြီးတဲ့အခါမှာ လေ့ကျင့်မှုတွေ ဆက်လက်ပြုလုပ်ခဲ့ပါတယ်။ ပတ်ဝန်းကျင်ကတော့ အကြိမ်ကြိမ် ကျရှုံးနေပေမယ့် ဖွဲမလျှော့သေးတဲ့ လူငယ်လေးကိုကြည့်ပြီး လှောင်ပြောင်ရယ်မောကြပါတယ်။

သူငယ်ချင်းတွေက အဲဒီအလုပ်ကိုရဖို့မဖြစ်နိုင်ကြောင်း၊ ဒါကြောင့် စွန့်လွှတ်ပြီး ရွာမှာရှိတဲ့အလုပ်ကိုပဲလုပ်သင့်ကြောင့် ပြောဆိုကြပါတယ်။ ဒါပေမဲ့ လူငယ်လေးဟာ လုံးဝ လက်မခံခဲ့ပါဘူး။

ဒီလိုနဲ့ နောက်တစ်ပတ်ကိုရောက်တဲ့အခါမှာတော့ လူငယ်လေးဟာ ရှင်လန်းတက်ကြွခြင်းတွေနဲ့ မြို့ကိုထွက်လာခဲ့ပါတယ်။ သူပွဲရုံကို ရောက်တော့ သူ့အရင်ရောက်နေတဲ့ လူနှစ်ယောက်ကို တွေ့လိုက်ရပါတယ်။ သူတို့တွေရဲ့မျက်နှာမှာ တက်ကြွရှင်လန်းနေတဲ့ အမူအရာတွေ ကင်းမဲ့နေပါတယ်။

သူတို့ဟာ ပွဲရုံထဲကိုဝင်လာတဲ့လူငယ်လေးကို စက်ရုပ်တစ်ရုပ်လို ပုံစံမျိုးနဲ့ ငေးကြည့်နေပါတယ်။ လူငယ်လေးဟာ ပွဲရုံကိုရောက်တယ်ဆိုရင်ပဲ မန်နေဂျာဆီ စာရင်းပေးပြီး သူဌေးကြီးကို စောင့်နေလိုက်ပါတယ်။

သူဌေးကြီးရောက်လာတဲ့အခါမှာတော့ သူတို့သုံးယောက်ကို အခန်းထဲခေါ်သွားပြီး ပဲစေ့ (၁၀)စေ့စီပေးကာ ပုလင်းလွတ်ထဲကို ပစ်ထည့်နိုင်းပြန်တယ်။

ဒီတစ်ခါတော့ လူငယ်လေးဟာ ပုလင်းထဲကို ပဲစေ့ (၈)စေ့ ဝင်သွားပြီး ကျန်နှစ်ယောက်ကတော့ ပဲစေ့ (၂)စေ့စီသာ ဝင်ခဲ့ပါတယ်။ သူတို့တွေဟာ ပဲစေ့လေးတွေကို ပုလင်းထဲပစ်ထည့်ပြီးတဲ့အခါမှာတော့ သူဌေးကြီးက-

"ဘယ်လိုအလုပ်ကိုပဲလုပ်လုပ် အောင်မြင်မှုအတွက်ဆိုရင် ကြိုးစားမှုလည်းလိုသလို စိတ်တည်ငြိမ်မှုလည်း လိုတယ်ကွ" လို့ ပြောလိုက်ပါတယ်။

ပြီးတော့ သူတို့သုံးယောက်ကိုကြည့်ပြီး-

"ထက်သန်တဲ့စိတ်ဓာတ်မရှိဘဲ အောင်မြင်မှုကို လိုချင်လို့မရကြောင်း၊ ဆက်လက်ပြီး ကြိုးစားချင်တယ်ဆိုရင် သူတို့အတွက် တံခါးဖွင့်ထားကြောင်း၊ နောက်အပတ်မှာလည်း လာရောက်ကြိုးစားခွင့်ရှိသေးကြောင်း" ပြောဆိုလိုက်ပါတယ်။

အဲဒီနောက် သူတို့တွေဟာ ပွဲရုံကနေ ပြန်လာခဲ့ပါတယ်။

လူငယ်လေးဟာ အိမ်ရောက်တယ်ဆိုရင်ပဲ ထုံးစံအတိုင်း မိခင်ဖြစ်သူကို အကျိုးအကြောင်းပြောပြပြီး လေ့ကျင့်မှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ပတ်ဝန်းကျင်ကတော့ သူတို့ ဘာပဲပြောပြော ကိုယ့်အလုပ်ကိုယ်လုပ်နေတဲ့ လူငယ်လေးကိုကြည့်ပြီး အသံတွေ တိတ်သွားပါတယ်။သူငယ်ချင်းတွေကလည်း ဘာစကားမှမပြောတော့ပါဘူး။

ဒီလိုနဲ့ နောက်တစ်ပတ်ကိုရောက်တဲ့အခါမှာတော့ လူငယ်လေးဟာ ပွဲရုံဆီကို ထွက်လာခဲ့ပါတယ်။ ပွဲရုံကိုရောက်တဲ့အခါမှာတော့ သူတစ်ယောက်တည်း ဖြစ်နေပါတယ်။ မန်နေဂျာဆီမှာ စာရင်းပေးပြီးတဲ့အချိန်မှာတော့ သူဌေးကြီးဟာရောက်လာပြီး သူ့ကိုခေါ်ကာ ပဲစေ့လေးတွေနဲ့ ပုလင်းထဲကို ပစ်ခိုင်းပြန်ပါတယ်။

ဒီတစ်ခါလည်း လူငယ်လေးဟာ တစ်ယောက်တည်း ပစ်ရပေမယ့် ပဲစေ့ (၈)စေ့သာ ပုလင်းထဲကို ဝင်ခဲ့ပါတယ်။

သူ ပဲစေ့လေးတွေ ပစ်ပြီးတဲ့အချိန်မှာတော့ သူဌေးကြီးက သူ့ပခုံးကိုပုတ်ပြီး-

"မင်းရဲ့ကြိုးစားမှုကို အသိအမှတ်ပြုပါတယ်။ လူတိုင်းဟာ ဘဝ

မှာ ကိုယ်လိုချင်တာရဖို့ဆိုရင် မဆုတ်နစ်တဲ့ အားထုတ်မှုတွေကို စဉ်ဆက်မပြတ် ဖန်တီးတည်ဆောက်ရပါမယ်။ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်း ကိုယ့်ဘဝကိုယ် မြင့်မားသထက်မြင့်မားအောင် ကြိုးစားရပါမယ်။ ကိုယ်ပိုင်ဆိုင်လိုတဲ့အရာတွေအတွက် ကြိုးစားမှုဆိုတဲ့အရာကို နည်းနည်းလေးမှ လျှော့ချလို့မဖြစ်ပါဘူး။ အစဉ်အမြဲ စိတ်ရောကိုယ်ပါ နှစ်မြုပ်ထားရပါမယ်'' ဆိုပြီး ပြောဆိုလိုက်ပါတယ်။

အဲဒီအချိန်မှာ လူငယ်လေးက ရွှင်လန်းတက်ကြွတဲ့ လေသံလေးနဲ့

''ကျွန်တော့်ကို အခုလို ဆုံးမဩဝါဒပေးတာ တကယ်ကျေးဇူးတင်ပါတယ်။ သူဌေးကြီးရဲ့သွန်သင်မှုကိုလည်း ကျွန်တော် လေးလေးစားစား မှတ်သားထားပါ့မယ်။ ကြိုးစားခွင့်ရှိဦးမယ်ဆိုရင် ကျွန်တော် ထပ်ပြီးကြိုးစားချင်ပါသေးတယ်'' လို့ ပြန်လည်ပြောဆိုလိုက်ပါတယ်။

လူငယ်လေးရဲ့စကားကိုကြားတဲ့အခါမှာတော့ သူဌေးကြီးက ပြုံးပြီး-

''ငါ့ရဲ့ပွဲရုံက အောင်မြင်ချင်သူတွေအတွက် ကွန်းခိုရာနေရာပါ။ ဒါကြောင့် ကြိုးစားချင်သူတွေအတွက် အမြဲတံခါးဖွင့်ထားပါတယ်။ နောက်တစ်ပတ် ငါတို့ ပြန်တွေ့ကြတာပေါ့''

လူငယ်လေးဟာ သူဌေးကြီးရဲ့ပွဲရုံကနေ ပြန်ထွက်လာတဲ့အခါ ''ငါ အောင်မြင်ရမယ်'' ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ရှိလာခဲ့ပါတယ်။

ဒါကြောင့် သူ့ရဲ့ခြေလှမ်းတွေဟာ မအောင်မြင်သူတွေရဲ့ခြေလှမ်းမျိုးလို လေးလံထိုင်းမှိုင်းမနေဘဲ အောင်ပွဲရတော့မယ့် စစ်သူကြီးတစ်ယောက်ရဲ့ခြေလှမ်းမျိုးလို သွက်လက်ပေါ့ပါးနေပါတယ်။

သူဟာ အိမ်ကိုပြန်ရောက်တဲ့အခါမှာတော့ မိခင်ဖြစ်သူကို အလုပ်လျှောက်တာ သူတစ်ယောက်တည်းရှိတော့ကြောင်း ပြောပြလိုက်ပါတယ်။

အဲဒီအခါမှာတော့ မိခင်ဖြစ်သူက-

"ဒါဟာ သားအတွက် အခွင့်အရေးကောင်းပဲ။ ဒီမှာ ငါ့သား... လူတိုင်းဟာ ဘဝမှာ အခွင့်အရေးဆိုတာတွေနဲ့ မကြာခဏ ကြုံတွေ့ကြတယ်။ အချို့က အခွင့်အရေးကို ကောင်းကောင်းအသုံးချပြီး အောင်မြင်တဲ့လမ်းကိုလျှောက်ကြတယ်။ အချို့က အခွင့်အရေးကို အခွင့်အရေးမှန်းသိပေမယ့်လည်း ကောင်းမွန်စွာ အသုံးမချနိုင်ခဲ့တဲ့အတွက် အောင်မြင်တဲ့လမ်းနဲ့ဝေးခဲ့ရတယ်။ အချို့ကြတော့လည်း အခွင့်အရေးကို အခွင့်အရေးမှန်းတောင် မသိတဲ့အတွက် သူတို့ဘဝတွေမှာ တိုးတက်မှုဆိုတာ မရှိခဲ့ကြဘူး။ အမေဟာ တတိယလူတန်းစားထဲမှာပါခဲ့တယ်။ ဘဝမှာ အခွင့်အရေးတွေ အကြိမ်ကြိမ် ရရှိခဲ့ပေမယ့် အခွင့်အရေးမှန်းမသိခဲ့တဲ့အတွက် ဆင်းရဲတဲ့ဘဝနဲ့ ရှင်သန်နေရတယ်။ နိမ့်ကျတဲ့ဘဝနဲ့ မျက်နှာအောက်ကျို့ခဲ့ရတယ်။ ဒါကြောင့် သားဟာ မေမေလို အဖြစ်မခံပါနဲ့။ အခွင့်အရေးကို အခွင့်အရေးမှန်းသိပါ။ ပြီးတော့ အခွင့်အရေးကို ဘဝတိုးတက်မှုအတွက် အသုံးချနိုင်အောင် ကြိုးစားပါ။ နောက်ဆုံးအချိန်ထိ ကိုယ်ရရှိတဲ့အခွင့်အရေးတိုင်းကို ဆုပ်ကိုင်နိုင်ပါစေ" ဆိုပြီး ပြောလိုက်ပါတယ်။

အဲဒီနောက် လူငယ်လေးဟာ လေ့ကျင့်မှုကို ထပ်ကာထပ်ကာ ပြုလုပ်ခဲ့ပါတယ်။ ဘယ်အရာကိုမှ လွယ်လွယ်နဲ့ အရှုံးမပေးဘူးဆိုတဲ့စိတ်နဲ့ ရည်ရွယ်ရာလမ်းကိုရောက်အောင် လျှောက်လှမ်းဖို့ ကြိုးစားခဲ့ပါတယ်။

ဒီလိုနဲ့ နောက်တစ်ပတ်ကိုရောက်တဲ့အခါမှာတော့ လူငယ်လေးဟာ ပွဲရုံဆီကို ထွက်လာခဲ့ပါတယ်။ ပွဲရုံကိုရောက်တော့ မန်နေဂျာက ပြုံးကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်ပြပါတယ်။

ခဏကြာတော့ သူဌေးကြီးဟာ ရောက်ရှိလာပြီး သူ့ကို အခန်းလွတ်ထဲခေါ်သွားကာ ပဲစေ့ (၁၀)စေ့ပေးပြီး ပုလင်းလွတ်ထဲကို ပစ်ထည့်

ခိုင်းပါတယ်။ ဒီတစ်ခါမှာတော့ လူငယ်လေးဟာ စိတ်ကိုတည်ငြိမ်အောင် စုစည်းပြီး အကြိမ်ပေါင်းများစွာ လေ့ကျင့်ထားတဲ့လက်ကလေးနဲ့ ပဲစေ့လေးတွေကို ပုလင်းထဲကို ပစ်ထည့်လိုက်ပါတယ်။ အဲဒီအခါမှာတော့ ပဲစေ့ (၁၀)စေ့လုံး ပုလင်းထဲကို ဝင်သွားပါတယ်။

ဒါကြောင့် သူဌေးကြီးဟာ လက်ခုတ်ကို ခပ်ဖွဖွတီးပြီး သူ့ကို ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။ ပြီးတော့ သူ့ပခုံးကို အသာဖက်ကာ-

"ဒီမှာ ကောင်လေး…လူဆိုတာ ကိုယ်လိုချင်တဲ့အရာကိုရဖို့အတွက် ရအောင်ယူနိုင်တဲ့သတ္တိ ရှိရတယ်ကွ။ အခု မင်းဟာ မင်းလိုချင်တဲ့အရာအတွက် မရပ်မနား ကြိုးစားခဲ့တယ်။ ဒါကြောင့် အခြားလူတွေလက်လျှော့သွားကြတဲ့အချိန်မှာ မင်းက အောင်မြင်တဲ့လူတစ်ယောက်အဖြစ် ငါ့ရဲ့ရှေ့မှာ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပြီ။ တကယ်တော့ အခြေအနေတစ်ခုအပေါ်မှာ လွယ်လွယ်နဲ့ လက်မလျှော့တတ်တဲ့လူမျိုး၊ အခက်အခဲတစ်ခုကို ရင်ဆိုင်ဖြတ်ကျော်ရဲတဲ့လူမျိုးတွေသာ အောင်မြင်မှုအသီးအပွင့်ကို ခံစားကြရတယ်။ အဲဒီအတွက်ကြောင့်ပဲ ငါဟာ အရာရာကို အလွယ်တကူ လက်မလျှော့တတ်တဲ့လူမျိုး၊ အခက်အခဲတိုင်းကို ရင်ဆိုင်ဖြတ်ကျော်ရဲတဲ့လူမျိုးတွေကို လိုချင်ခဲ့တယ်။ ဒါကြောင့် ငါဟာ အလုပ်နဲ့မဆိုင်တဲ့ စမ်းသပ်ခြင်းတွေနဲ့ ဝန်ထမ်းတွေကို ရွေးချယ်ခဲ့တယ်။ ဘာတစ်ခုမှမတတ်ရင်နေပါစေ၊ သင်ယူကြိုးစားချင်စိတ်ရှိရင် ပွဲရုံလုပ်ငန်းဟာ သင်ယူဖို့မခက်ခဲပါဘူး။ အခု ငါ့မှာရှိနေတဲ့ လုပ်ငန်းတိုင်းရဲ့မန်နေဂျာတွေဟာ တစ်ချိန်က ဘာမှမသိ၊ ဘာမှမတတ်ဘဲနဲ့ ငါ့ရဲ့စမ်းသပ်မှုတွေကို ဖြတ်ကျော်လာနိုင်တဲ့သူတွေ ဖြစ်ကြတယ်။ သူတို့တွေဟာ မရပ်မနား သင်ယူချင်စိတ်နဲ့အတူ အခုဆိုရင် ကျွမ်းကျင်တဲ့မန်နေဂျာကောင်းတွေ ဖြစ်နေကြပြီ။ ဒီမှာ ကောင်လေး… အောင်မြင်မှုဆိုတဲ့အရာကို လိုချင်မက်မောတဲ့စိတ်ဓာတ်နဲ့ ရုန်းဆွတ်ဖို့ မကြိုးစားဘူးဆိုရင် သူဟာ စစ်မှန်တဲ့လူတော်

တစ်ယောက် မဖြစ်သေးဘူး။ ဒါကြောင့် ဘဝမှာ စစ်မှန်တဲ့လူတော်ဖြစ်ဖို့ ဆိုရင် အောင်မြင်မှုကိုရအောင်ယူနိုင်ရမယ်။ ကိုယ်လိုချင်တဲ့အောင်မြင်မှု တွေကို ပိုင်ဆိုင်ခွင့်ရဖို့ ကိုယ်ကိုယ်တိုင် ကြိုးစားရမယ်။ ဒါကြောင့် မနက်ဖြန်ကစပြီး မင်းဟာ အောင်မြင်မှုများစွာကို ဆက်လက်သိမ်းပိုက် နိုင်ဖို့အတွက် သင်ယူခြင်းတွေကို စတင်လိုက်ပါ။ တတ်သင့်တတ်အပ်တဲ့ ပညာတွေကို မန်နေဂျာက သင်ပေးလိမ့်မယ်" လို့ ပြောလိုက်ပါတယ်။

အဲဒီနောက် လူငယ်လေးဟာ သူ့ရဲ့ကြိုးစားမှုနဲ့အတူ အောင်မြင်မှု ဆိုတဲ့အရာကို ဆုပ်ကိုင်ပြီး ရွာကိုပြန်လာခဲ့ပါတယ်။ ရွာကိုရောက်ရှိတဲ့ အခါမှာတော့ သူ့ကို ဝေဖန်တိုက်ခိုက် ကဲ့ရဲ့ရှုတ်ချသူတွေဟာ လူငယ် လေး အလုပ်ရသွားမှန်းသိသွားတာကြောင့် အံ့သြနေကြပါတယ်။

**သူတို့ထင်ထားတဲ့**
**လူညံ့တစ်ယောက်ဟာ**
**သူတို့ အထင်ကြီးနေတဲ့**
**လူတော်တွေတောင်**
**ပိုင်ဆိုင်ခွင့်မရတဲ့**
**အောင်မြင်မှုကို**
**ဆွတ်ခူးနိုင်တာကြောင့်**
**စိတ်ထဲကနေ**
**ချီးကျူးနေကြပါတယ်။**

တကယ်တော့ လူ့ဘဝဆိုတာ ဒါပါပဲ။ တစ်ခါတစ်ရံ ကျွန်တော်တို့ ဟာ သင်ယူတတ်မြောက်ထားတဲ့ပညာရပ်တွေနဲ့ လိုက်လျောညီထွေမှုမရှိ တဲ့ စမ်းသပ်မှုတွေနဲ့ ကြုံတွေ့ရတတ်ပါတယ်။ ကျွန်တော်တို့ လုံးဝ မျှော်လင့်မထားတဲ့ အခက်အခဲပြဿနာတွေဟာ အောင်မြင်မှုလမ်းကြောင်း


မှာ တားဆီးပိတ်ပင်တတ်ပါတယ်။ ပွဲရုံပိုင်ရှင်လို သူဌေးမျိုးဟာ လူ့လောက ကမ္ဘာကြီးမှာ အများကြီးရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပတ်ဝန်းကျင်ရဲ့သတ်မှတ်ချက်အရ လူဖျင်းလူညံ့တစ်ယောက်ဖြစ်နေရင် တောင် စိတ်ဓာတ်ကျနေစရာမလိုပါဘူး။ စိတ်ပျက်နေစရာမလိုပါဘူး။ ထက်သန်တဲ့စိတ်ဓာတ်နဲ့ စမ်းသပ်မှုတွေကို ဖြတ်ကျော်နိုင်ဖို့ပဲ လိုအပ်ပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ အောင်မြင်ခြင်းဆိုတဲ့အရာဟာ လူတော်၊ လူညံ့ရယ်လို့ မခွဲခြားဘဲ ဘယ်သူမဆို ကြိုးစားခွင့်ရှိနေလို့ပါပဲ။

**ဒါကြောင့်**
**ကျွန်တော်တို့ဟာ**
**ကိုယ့်ကိုယ်ကိုယ်**
**တော်တယ်ထင်ပြီး**
**မကြိုးစားဘဲ မနေလိုက်ပါနဲ့။**

**ကိုယ့်ကိုယ်ကိုယ်**
**တော်တယ်ထင်ပြီး**
**ကိုယ့်ပြိုင်ဘက်ကို အထင်မသေးပါနဲ့။**

**ကျွန်တော်တို့ ဘယ်လောက်တော်တော်**
**အောင်မြင်ခြင်းဆိုတဲ့အရာဟာ**
**ကျွန်တော်တို့ရှေ့မှာလာပြီး**
**ဒူးထောက်မှာမဟုတ်တဲ့အတွက်**
**ကျွန်တော်တို့ ထက်သန်တဲ့စိတ်ဓာတ်နဲ့**
**ကြိုးစားဖို့ လိုအပ်ပါတယ်။**






ဘဝကို
ကိုယ်ပိုင် ခံယူချက်တွေနဲ့
ရှင်သန်ကြီးထွားနေသူတွေဟာ
ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင်
ဦးဆောင်နေသူတွေပါ။

သံစဉ်သစ်



# အမှားတွေကြားထဲမှာ မရှင်သန်ပါနဲ့

ပြင်လို့မရတဲ့အမှားပဲဖြစ်ဖြစ်
ပြင်လို့ရတဲ့အမှားပဲဖြစ်ဖြစ်
အမှားတွေကို ဖက်တွယ်ထားသူဟာ
ဘယ်တော့မှ အမှန်ကို မမြင်နိုင်ပါဘူး။

ယနေ့ ကမ္ဘာပေါ်မှာ အမှားနဲ့ကင်းတဲ့လူဆိုတာ မရှိသလို အမှားမလုပ်ဘူးတဲ့လူဆိုတာလည်း မရှိခဲ့ပါဘူး။ ဒါကြောင့်လည်း ကျွန်တော်အပါအဝင် ကျွန်တော်တို့မိသားစု၊ ကျွန်တော်တို့ပတ်ဝန်းကျင်၊ ကျွန်တော်တို့ကျင်လည်နေတဲ့ လူ့အသိုင်းအဝန်းတစ်ခုလုံးဟာ အမှားတွေနဲ့ပဲ နေထိုင်ကြီးပြင်းလာခဲ့ပါတယ်။

တကယ်ဆိုရင် ကျွန်တော်တို့ဟာ အမှားကင်းတဲ့လူအဖြစ် ရပ်တည်ချင်ကြပါတယ်။ အမှားမရှိတဲ့လူအဖြစ် သွားလာလှုပ်ရှားချင်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ကံဆိုးစွာနဲ့ ဖြစ်ချင်တဲ့ဘဝမျိုးကို ပိုင်ဆိုင်ခွင့်မရခဲ့ကြပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ နေ့စဉ်ရှင်သန်လှုပ်ရှားမှုတိုင်းမှာ ကာယကံအမှားတွေ၊ ဝစီကံအမှားတွေ၊ မနောကံအမှားတွေကို တစ်ခုမဟုတ်တစ်ခု ကျူးလွန်မိကြလို့ပါပဲ။

ဒါကြောင့် ကျွန်တော်တို့ဟာ ဘယ်လောက်ပဲ အမှားကင်းချင်ပါစေ အမှားတွေနဲ့ တွေ့ကြုံခဲ့ရပါတယ်။ အမှားရှိတဲ့လူသားအဖြစ် နေထိုင်ရှင်သန်ရပါတယ်။

**တကယ်တော့**
**လူတစ်ယောက်ဟာ**
**သူ့ရဲ့ဘဝမှာ**
**အမှားတွေနဲ့**
**ကြုံတွေ့လာရပြီဆိုရင်**
**အဲဒီအမှားတွေကို**
**ခင်မင်တွယ်တာစိတ်နဲ့**
**ဖက်တွယ်မထားဘဲ လွှတ်ချရပါမယ်။**

**အမှန်ဆိုတဲ့**
**လမ်းကြောင်းပေါ်ရောက်အောင်**
**ဘဝကို**
**ပုံဖော်ရပါမယ်။**

**ဒါမှသာ**
**တန်ဖိုးရှိတဲ့လူ၊**
**လူပီသတဲ့လူ**
**အောင်မြင်တဲ့ လူတစ်ယောက်အဖြစ်**
**လောကအလယ်မှာ တင့်တယ်နိုင်မှာ ဖြစ်ပါတယ်။**

လောကမှာ လူအမျိုးမျိုး ရှိပါတယ်။ အချို့က ဘဝတွေကို အမှားတွေနဲ့ တည်ဆောက်ခဲ့ကြတယ်။ မှားမှန်းသိပေမယ့်လည်း အဲဒီအမှားတွေအပေါ်မှာ ပျော်ရွှင်စွာနဲ့ ရပ်တည်ခဲ့ကြပါတယ်။ အမှားကပေးတဲ့ တစ်ခဏသာယာမှုကို တစ်သက်တာပျော်ရွှင်မှုလို့ ထင်ခဲ့ကြပါတယ်။ ဒါကြောင့် ဆက်ကာဆက်ကာ အမှားတွေကို ကျူးလွန်ရင်း နောက်ဆုံး သူတို့ဘဝတွေဟာ အမှားတွေနဲ့ပဲ နိဂုံးချုပ်ခဲ့ကြပါတယ်။

အချို့ကြတော့လည်း အမှားကို အမှားမှန်းသိပါတယ်။ အမှန်ကို ရောက်ဖို့လည်း ကြိုးစားချင်ကြပါတယ်။ ဒါပေမဲ့ ဘဝကပေးတဲ့အခြေအနေကြောင့် အမှားတွေကို ထပ်ကာထပ်ကာပြုလုပ်ရင်း မထူးဇာတ်ခင်းခဲ့ကြပါတယ်။ နောက်ဆုံးတော့ သူတို့ဟာ အမှန်တရားကို မြတ်နိုးတန်ဖိုးထားပေမယ့် သူတို့လုပ်ရပ်က အမှားတွေ ဖြစ်နေတတ်ပါတယ်။

အချို့ကြတော့လည်း အမှားကို အမှားမှန်းမသိဘဲ အမှန်လို့ ထင်နေတတ်ပါတယ်။ သူတို့ဆုပ်ကိုင်ထားတဲ့ အမှားတရားကြီးကို လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝန်းတစ်ခုလုံးက အမှန်တရားလို့မြင်အောင် အတင်းအဓမ္မ လုပ်ဆောင်ကြပါတယ်။

သူတို့ ဆုပ်ကိုင်ထားတဲ့အတွေးအခေါ်အမှားတွေဟာ အမှန်ဖြစ်ကြောင်း မကြာခဏ ပြောဆိုကြပါတယ်။ နောက်ဆုံး သူတို့တွေဟာ အမှားကို အမှန်ထင်ရင်း သူတို့သမိုင်းကို မလှမပနဲ့ ရေးထိုးသွားခဲ့ပါတယ်။

အချို့ကြတော့လည်း အမှားကို အမှားမှန်းသိတာနဲ့တစ်ပြိုင်နက်တည်း အဲဒီအမှားတွေကို ချက်ချင်းစွန့်ပစ်ပြီး အမှန်လမ်းဆီ လျှောက်ခဲ့ကြပါတယ်။ မှန်တဲ့အလုပ်တွေကိုပဲ ဆက်လုပ်ခဲ့ပါတယ်။ အမှားကို နည်းနိုင်သမျှနည်းအောင် ကြိုးစားကြပါတယ်။ ဒါကြောင့် နောက်ဆုံးမှာ သူတို့ဟာ အမှားတွေကြားထဲကနေ ရုန်းထနိုင်သူ၊ စိတ်ခွန်အားရှိသူ၊ သန့်မာသူအဖြစ် ချီးကျူးဂုဏ်ပြုခြင်းကို ခံခဲ့ရပါတယ်။

ဒါကြောင့် အမှားမကင်းတဲ့ လောကကြီးမှာ ကျွန်တော်တို့ ဘယ်လိုရပ်တည်သင့်ပါသလဲ။

**တကယ်တော့**
**လူတိုင်းဟာ**
**အမှားမကင်းမှန်း**
**သိနေကြတဲ့အတွက်**
**မှားတာကို ပြဿနာတစ်ခုလို**
**မရှုမြင်သင့်ပါဘူး။**

လူတိုင်းဟာ မှားခွင့်ရှိနေကြတာပဲ မဟုတ်ပါလား။ ဒါပေမဲ့ မှားမှန်းသိဖို့လိုသလို အမှန်ကိုပြင်ဖို့လည်းလိုပါတယ်။

**အချို့လူတွေက**
**အမှားကိုလုပ်ရဲတာ၊**
**အမှားကို လက်ခံရဲတာကို**
**သတ္တိလို့ ဆိုကြတယ်။**
**တကယ်လို့**
**အမှားကို လုပ်ရဲတာ၊**
**အမှားကို လက်ခံရဲတာကို**
**သတ္တိလို့ဆိုရင်**
**အမှားကို မလုပ်ရဲတာ**
**မှားမှန်းသိလို့ ပြင်နိုင်တာ**
**အမှားများစွာကို**
**လက်မခံရဲတာတွေကလည်း**
**သတ္တိပါပဲ။**

တကယ်တော့ လူ့ဘဝဆိုတာ တိုတိုလေးဆိုပေမယ့် ပျော်ရွှင်ခြင်းတွေနဲ့ အချိန်တိုင်းပြည့်နှက်နေတာမဟုတ်ပါဘူး။ လုပ်ကိုင်ဆောင်ရွက်နေတဲ့အရာမှန်သမျှ အဆင်ပြေနေတာမဟုတ်ပါဘူး။ ဒါကြောင့် ဘဝမှာ ပျော်ရွှင်စွာနေထိုင်ဖို့၊ အရာရာအဆင်ပြေဖို့ဆိုရင် အမှားတွေကို နည်းနိုင်သမျှနည်းအောင် ကြိုးစားရပါမယ်။

အဲဒီလိုမှမဟုတ်ဘဲ အမှားတွေကြားထဲမှာပဲ ပျော်မွေ့နေမယ်ဆိုရင် အချိန်ကြာလာတာနဲ့အမျှ ဝမ်းနည်းကြေကွဲခြင်းတွေနဲ့သာ အဆုံးသတ်ရတတ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဘယ်လောက်ပဲတော်နေပါစေ၊ ဘယ်လောက်ပဲ ထက်မြက်ပါစေ အမှားတွေကြားထဲမှာ ရှင်သန်နေမယ်ဆိုရင် အောင်မြင်မှုဆိုတဲ့အရာနဲ့ ဝေးကွာနေဦးမှာပါပဲ။

တစ်ခါတုန်းက အမှားတွေကြားထဲမှာ ပျော်မွေ့ခဲ့ဖူးတဲ့ လူတစ်ယောက် ရှိပါတယ်။ သူဟာ ငယ်စဉ်ကတည်းက ကြီးပွားချမ်းသာချင်စိတ် ပြင်းထန်ပါတယ်။ ဒါကြောင့်လည်း ပညာရေးကို သိပ်စိတ်မဝင်စားဘဲ ကြီးပွားချမ်းသာမယ့်လမ်းကြောင်းကိုသာ ရှာဖွေခဲ့ပါတယ်။

ပြီးတော့ သူက အပေါင်းအသင်းပေါင်းရင်လည်း သူ့ထက်ကြီးတဲ့သူတွေနဲ့ ရွေးပေါင်းတယ်။ သူ့ထက်ကြီးတဲ့သူတွေကို ဆရာတင်ပြီး သူလိုချင်တဲ့အဖြေကိုရအောင်ရှာတယ်။ သူသိချင်တာကိုမေးတယ်။ သူမတတ်တာကို သင်ယူတယ်။ ဒါကြောင့်လည်း သူဟာ အရွယ်နဲ့မမျှအောင် အတတ်ပညာစုံ တတ်မြောက်ခဲ့ပါတယ်။

ဒီလိုနဲ့ အရွယ်ရောက်လာတဲ့အချိန်မှာတော့ သူဟာ ငွေကို လောဘတကြီး ရှာဖွေခဲ့ပါတယ်။ အဲဒီလို ငွေရှာတဲ့နေရာမှာလည်း ကောင်းမှု၊ မကောင်းမှုဆိုတာမကြည့်ဘဲ ငွေရဖို့တစ်ခုတည်း ကြည့်ခဲ့ပါတယ်။

**ငွေရမယ်ဆိုရင် ဘယ်သွားရမလဲ…**

**ငွေရမယ်ဆိုရင် ဘာလုပ်ရမလဲ…**

**ငွေရမယ်ဆိုရင် ဘယ်လိုလူမျိုးကို**
**ကျော်ရနွရမလဲ . . .**

စတဲ့ ခံယူချက်တွေနဲ့ သူ့ရဲ့ဘဝကို ရပ်တည်ခဲ့ပါတယ်။ ပြီးတော့ သူဟာ အလိုရမ္မက်ကြီးတာကြောင့် လောင်းကစားဆန်တဲ့အလုပ်တွေ၊ စွန့်စားရတဲ့အလုပ်တွေကို ဝါသနာပါခဲ့ပါတယ်။

ဒါကြောင့်လည်း ဘောလုံး၊ နှစ်လုံး၊ သုံးလုံး၊ ဖဲ . . . စတဲ့ လောင်းကစားအလုပ်တွေကို အလွတ်မပေးခဲ့ပါဘူး။

သူ့မိဘတွေကလည်း ချမ်းသာတဲ့သူဌေးစာရင်းထဲမှာ ပါဝင်နေတာ ဆိုတော့ သူလုပ်ချင်တာတွေကို လုပ်ခွင့်ရနေပါတယ်။ ဒါပေမဲ့ အံ့သြစရာ ကောင်းတာက သူဟာ ငွေကို ဘယ်လောက်ပဲ လောဘတကြီးနဲ့ရှာပါစေ ကြီးပွားချမ်းသာမလာခဲ့ပါဘူး။

**တကယ်တော့**
**ငွေဆိုတာ**
**စနစ်တကျနဲ့**
**စီမံခန့်ခွဲတတ်သူတွေလက်ထဲမှာပဲ**
**သစ္စာရှိတဲ့ကျွန်တစ်ယောက်လို**
**အကျိုးပြုတာပါ။**
**ကြီးပွားချမ်းသာခြင်းဆိုတာကလည်း**
**ငွေကို အကျိုးရှိရှိနဲ့**
**နိုင်းစေတတ်တဲ့လူတွေကပဲ**
**ပိုင်ဆိုင်ခွင့်ရကြတာပါ။**

အခုတော့ သူဟာ ကြီးပွားချမ်းသာချင်တဲ့စိတ်နဲ့ ငွေကို လောဘ တကြီးရှာဖွေခဲ့ပေမယ့် ဘောလုံးပွဲလောင်းလိုက်၊ နှစ်လုံးထိုးလိုက်၊ သုံးလုံး

ထိုးလိုက်၊ ဖဲရိုက်လိုက်လုပ်နေခဲ့ပါတယ်။ ငွေကို ဖြတ်လမ်းနည်းနဲ့ရှာပြီး ကြီးပွားချမ်းသာဖို့ ကြိုးစားခဲ့ပါတယ်။

နောက်ဆုံးမှာတော့ ရတဲ့အခါရ၊ ကုန်တဲ့အခါကုန်၊ လောင်းကစားသမားတို့ရဲ့ထုံးစံအတိုင်း ဖောင်းလိုက်ပိန်လိုက်နဲ့ အချိန်တွေက ကုန်လာပါတယ်။

တကယ်တော့ သူဟာ ပြင်းထန်တဲ့စိတ်နဲ့ ကြီးပွားချမ်းသာအောင် ကြိုးစားနေပေမယ့်လည်း သူ့ရဲ့လုပ်ရပ်က မှားနေတာကို သူ မသိခဲ့ပါဘူး။ ငါလုပ်နေတာ မှန်တယ်၊ ကံမကောင်းသေးလို့ မချမ်းသာသေးတာပါဆိုတဲ့ အတွေးတွေနဲ့ အမှားတွေကို ဖက်တွယ်ထားနေဆဲပါပဲ။

**အမှားကို အမှန်ထင်ပြီး**
**ရွှေသမင်အလိုက်မှားနေဆဲပါပဲ။**

လောကမှာ အမှားကို အမှားမှန်းသိတဲ့လူထက် အမှားကို အမှန်ထင်တဲ့လူတွေဟာ ပိုပြီးပြုပြင်ရခက်ပါတယ်။ အခုလည်း သူ့မိဘတွေက လောင်းကစားမလုပ်ဖို့၊ ငွေကို ဖြတ်လမ်းနည်းနဲ့မရှာဖို့ ဆိုဆုံးမကြပေမယ့် နားမထောင်ခဲ့ပါဘူး။ သူ့ရဲ့အမှားတွေကိုပဲ အမှန်ထင်ပြီး မြတ်မြတ်နိုးနိုးနဲ့ ခင်တွယ်ခဲ့ပါတယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ ချိန်းဝိုင်းတစ်ခုမှာ ဖဲလိမ်ရိုက်တာကို ခံခဲ့ရတာကြောင့် အကြီးအကျယ် ရှုံးခဲ့ပါတယ်။ နောက်တစ်နေ့ရောက်တော့ မကျေနပ်တဲ့စိတ်နဲ့ လှေမျောရင် လှေနဲ့လိုက်၊ ငွေမျောရင် ငွေနဲ့လိုက်ဆိုတဲ့စကားအတိုင်း ရှိတာကိုပေါင်နှံပြီး ထပ်ရိုက်ခဲ့ပါတယ်။

သူ့ရဲ့လုပ်ရပ်ဟာ အမှားအပေါ် အမှားဆင့်နေတဲ့အတွက် အရှုံးပေါ်အရှုံးဆင့်သွားပါတယ်။ သူဟာ ရှိတာတွေရောင်းချရတဲ့အထိ အရှုံးကြီးရှုံးခဲ့ပါတယ်။ အကြွေးတွေလည်း တင်ခဲ့ပါတယ်။ ဒါကြောင့် အကြွေး

တွေကိုဆပ်ဖို့ဆိုပြီး ငွေတိုးချေးစားတဲ့သူတွေဆီက အတိုးကြီးတွေနဲ့ ပိုက်ဆံတွေချေးငှားခဲ့ပါတယ်။ ဒီတစ်ခါတော့ သူဟာ လောင်းကစားနွံထဲသာမက အကြွေးနွံထဲကိုပါ ကျရောက်ခဲ့ပါတယ်။

ဒါပေမဲ့ သူဟာ အမှားတွေကြားထဲကနေ ရုန်းမထွက်နိုင်ခဲ့ပါဘူး။ ရှုံးသွားတာတွေ ပြန်ရအောင်ဆိုပြီး ပိုက်ဆံတွေချေးငှားကာ နှစ်လုံးထိုးလိုက်၊ သုံးလုံးထိုးလိုက်၊ ဘောလုံးပွဲလောင်းလိုက်၊ ချိန်းဝိုင်းရှိရင် ဖဲရိုက်လိုက်နဲ့ ငွေကို ဖြတ်လမ်းနည်းနဲ့ရှာဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီလို သူဟာ ငွေကို ဖြတ်လမ်းနည်းကရှာဖွေရင်း အတိုးကြီးတွေနဲ့ ချေးငှားထားတဲ့ငွေတွေကလည်း ပြန်မဆပ်နိုင်တာကြောင့် အတိုးတွေပိလာပါတယ်။ အတိုးပေါ်အတိုးဆင့်လာပါတယ်။ အတိုးမှန်မှန်မပေးနိုင်တော့ ငွေချေးသူတွေနဲ့ စကားများလာပါတယ်။

ဒါပေမဲ့ သူဟာ နောင်တမရခဲ့ပါဘူး။ အမှားကို အမှားမှန်း မသိသေးပါဘူး။ ဆုံးရှုံးမှုတွေနဲ့ ငွေကြေးအကျပ်အတည်း ကြုံလာတာကြောင့် သူ့စိတ်ထဲမှာ လောင်းကစားနဲ့ငွေပြန်ရှာဖို့ပဲ စဉ်းစားနေပါတယ်။ သူ့ရဲ့အကြပ်အတည်းတွေကို လောင်းကစားလုပ်ပြီးဖြေရှင်းဖို့ပဲ ကြိုးစားနေပါတယ်။

**သမ္မာအာဇီဝအလုပ်တွေ၊**
**ငွေနည်းနည်းပဲရမယ့်အလုပ်တွေ**
**အချိန်အကြာကြီး ပေးဆပ်ပြီးမှရမယ့်အလုပ်တွေကို**
**စိတ်မဝင်စားတော့ပါဘူး။**

ဒါကြောင့် သူဟာ အဆင်မပြေမှုတွေ ပိုပြီးများလာခဲ့ပါတယ်။ အကြွေးတွေလည်း ဝိုင်းဝိုင်းလည်လာခဲ့ပါတယ်။ ပထမတော့ သူ့ရဲ့မိဘတွေက သူ့ကိစ္စကို လိုက်လံဖြေရှင်းပေးပေမယ့် ကြာလာတဲ့အခါကျတော့

သူ့ကို စွန့်ပစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ သူ့မိဘတွေဟာ သူနဲ့ပတ်သက်တဲ့ ကိစ္စတွေကို တာဝန်ယူမှုမရှိတော့ပါဘူး။ ဒီတော့ တဖြည်းဖြည်းနဲ့ သူ့ရဲ့ဘဝဟာ မပျော်မရွှင် ဖြစ်ခဲ့ရပါတယ်။

**သူဖြစ်ချင်တဲ့**
**ကြီးပွားချမ်းသာတဲ့ဘဝဟာ**
**လိုက်လေဝေးလေ ဖြစ်ခဲ့ရပါတယ်။**

အရင်က သူကျွေးခဲ့မွေးခဲ့၊ ပေးကမ်းခဲ့တဲ့အပေါင်းအသင်းတွေကလည်း သူ့နားကနေ ဖယ်ကြဉ်သွားခဲ့ပါတယ်။ လူတွေရဲ့ယုံကြည်မှုလည်း တဖြည်းဖြည်း နည်းလာပါတယ်။ ဒါပေမဲ့ သူဟာ အမှန်တရားရဲ့တစ်ဘက်ခြမ်းမှာရှိတဲ့အမှားတွေကို ဖက်တွယ်ထားဆဲပါပဲ။

**ဘာကြောင့်**
**ငါ့ကို ပိုက်ဆံမချေးတော့တာလဲ...**

**ဘာကြောင့်**
**ငါ့ကို မပေါင်းကြတော့တာလဲ...**

**ဘာကြောင့်**
**ငါ့ကို မယုံကြည်တော့တာလဲ...**

**ဘာကြောင့်**
**ငါ့ကို အထင်သေးတာလဲ...**

စတဲ့မေးခွန်းတွေရဲ့အဖြေကို မရှာတော့ဘဲ-

**သူ့ကို ပိုက်ဆံမချေးတော့တဲ့သူတွေ...**
**သူ့ကို မပေါင်းသင်းတော့တဲ့သူတွေ...**

**သူ့ကို မယုံကြည်တော့တဲ့သူတွေ...**

**သူ့ကို အထင်သေးတဲ့သူတွေ...**

အပေါ် ပြဿနာရှာချင်လာပါတယ်။ စိတ်အလိုမကျမှုတွေ ဖြစ်လာပါတယ်။ မွန်းကျပ်မှုတွေ၊ မကျေနပ်မှုတွေ ဖုံးလွှမ်းလာပါတယ်။ ကြာလာတဲ့အခါမှာတော့ အမှားတွေကို ဖက်တွယ်ထားတဲ့လူတစ်ယောက်ရဲ့ဘဝဟာ ခါးသီးမှုတွေနဲ့ ပြည့်နှက်လာခဲ့ပါတယ်။

တစ်ခါတော့ သူဟာ အကြွေးလာတောင်းသူနဲ့ စကားများပြီး ရိုက်မှုဖြစ်ခဲ့ပါတယ်။ အဲဒီရိုက်မှုကြောင့်ပဲ သူဟာ ထောင် (၆)လ ကျသွားပါတယ်။ သူဟာ ထောင်ထဲရောက်တဲ့အခါမှာတော့ တော်တော်လေးနောင်တရသွားပါတယ်။ သူ့ရဲ့အမှားတွေကိုလည်း သူမြင်လာပါတယ်။

ဒါပေမဲ့ သူ့မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းတွေကတော့ သူ့ကို မျိုးရိုးဂုဏ်သိက္ခာချတယ်ဆိုပြီး ပစ်ပယ်ထားပါတယ်။ ထောင်ဝင်စာတောင် လုံးဝပို့မပေးကြပါဘူး။ ဒါကြောင့် သူဟာ ထောင်ကကျွေးတဲ့ထမင်းနဲ့ဟင်းကိုသာစားပြီး ထောင်ကျချိန်တွေကို ဖြတ်သန်းခဲ့ပါတယ်။

တစ်ခုကံကောင်းတာက သူ့အတွက် ထောင်ကျခြင်းဟာ နာမည်ဂုဏ်သတင်း ထိခိုက်သွားတယ်ဆိုပေမယ့် အချည်းအနှီး မဖြစ်ခဲ့ပါဘူး။ သူ့ရဲ့အသိအမြင်တွေဟာ ထောင်ထဲမှာ ပြောင်းလဲခဲ့ပါတယ်။ ဘယ်သူ့ကိုမှလည်း အပြစ်မမြင်တော့ပါဘူး။ အရာအားလုံးဟာ သူ့အမှားတွေကြောင့်ဖြစ်မှန်း နားလည်ခဲ့ပါတယ်။

ဒါကြောင့် သူဟာ တစ်ချိန်က ဖက်တွယ်ထားခဲ့တဲ့အမှားတွေကိုလွှတ်ချလိုက်ပါတယ်။ မကောင်းမှုပုံရိပ်တွေကြားထဲမှာ ဆက်လက်ပြီးမပျော်မွေ့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူထောင်ကပြန်ထွက်လာတဲ့အချိန်မှာတော့လုံးဝ ပြောင်းလဲသွားခဲ့ပါပြီ။ သူ့ဘဝကို အဆုံးစွန်အထိ ဆွဲချခဲ့တဲ့

လောင်းကစားအလုပ်ကို စွန့်လွှတ်ခဲ့ပါတယ်။ အမှားတွေကတစ်ဆင့် သူဟာ သင်ခန်းစာကောင်းကောင်းရခဲ့တာကြောင့် နောက်ထပ် ထပ်တူညီတဲ့ အမှားမျိုး ထပ်မဖြစ်အောင် ကြိုးစားခဲ့ပါတယ်။

ဒါပေမဲ့ သူ့ရင်ထဲမှာရှိတဲ့ အောင်မြင်ချမ်းသာချင်တဲ့စိတ်ကတော့ ပြင်းထန်နေတုန်းပါပဲ။ ဒါကြောင့် သူဟာ အလုပ်တွေ ပြန်လုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ မှန်ကန်တဲ့နည်းလမ်းနဲ့ အောင်မြင်မှုလမ်းကြောင်းပေါ်လျှောက်ဖို့ သူ့ခြေလှမ်းတွေကို ပြင်ဆင်ခဲ့ပါတယ်။

ဒါပေမဲ့ သူ့ရဲ့တစ်ကျော့ပြန်ဘဝခရီးအစဟာ ထင်သလောက် မလွယ်ကူခဲ့ပါဘူး။ လောင်းကစားသမား၊ ထောင်ထွက်၊ ကြွေးထူဆိုတဲ့ နာမည်ဆိုးတွေကြောင့် ပတ်ဝန်းကျင်ရဲ့မယုံကြည်မှုကို ခံခဲ့ရပါတယ်။ မိဘတွေကလည်း သူ့ကို ငွေကြေးနဲ့ပတ်သက်ပြီး ဘာကူညီထောက်ပံ့မှုကိုမှ မပေးခဲ့တာကြောင့် သူသွားချင်တဲ့ပုံစံကို သွားဖို့ခက်ခဲခဲ့ပါတယ်။

ဒါကြောင့် သူဟာ သူ့အတွက် အခွင့်အလမ်းနည်းပါးတဲ့မြို့မှာ မနေတော့ဘဲ ရန်ကုန်မြို့ဆီကို စွန့်စားပြီး ထွက်လာခဲ့ပါတယ်။ ရန်ကုန်မြို့ကိုရောက်တဲ့အခါမှာတော့ သူငယ်ချင်းတစ်ယောက်ရဲ့အကူအညီနဲ့ ရရာအလုပ်ကိုလုပ်ပြီး သူ့ဘဝကို တစ်ကနေ ပြန်စခဲ့ပါတယ်။ သူဟာ ကြိုးစားခဲ့ပါတယ်။ ရုန်းကန်ခဲ့ပါတယ်။ လိုအပ်တာထက်ပိုပြီး စိတ်ရှည်ခဲ့ပါတယ်။

ငွေမရှိခြင်းရဲ့ဒုက္ခကို နားလည်ခဲ့တာကြောင့် အသောက်အစား၊ လောင်းကစားကို လုံးဝမလုပ်ခဲ့ပါဘူး။ ဒါကြောင့် နှစ်အနည်းငယ်အတွင်းမှာပဲ ပိုက်ဆံအတော်အတန် စုမိလာပါတယ်။

ဒီတော့ သူဟာ စုထားတဲ့ပိုက်ဆံလေးနဲ့ ကားတစ်စီးကို စဘော်တင်ပြီး တက္ကစီမောင်းခဲ့ပါတယ်။ အဲဒီလို တက္ကစီမောင်းတဲ့အခါမှာတော့ သူဟာ အပေါင်းအသင်းမိတ်ဆွေတွေ ပေါ်များလာပါတယ်။ ဒါကြောင့်လည်း တက္ကစီမောင်းနေရင်းနဲ့ ကားအကြောင်းကို အချိန်ပေးလေ့လာကာ

ကားပွဲစားအလုပ်ကို တွဲဖက်ပြီးလုပ်ကိုင်လာခဲ့ပါတယ်။

သူဟာ ဘဝကို အမှားများစွာထဲကနေ သင်ခန်းစာယူပြီး ပြုပြင်လာခဲ့တာကြောင့် အောင်မြင်ချင်ရင် ဘယ်လိုနေရမယ်၊ ဘယ်လိုလုပ်ရမယ်၊ လူတွေကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ နားလည်ခဲ့ပါတယ်။

ဒါကြောင့် သူဟာ တဖြည်းဖြည်းနဲ့ ကားပွဲစားလောကမှာ နာမည်ကောင်းရခဲ့ပါတယ်။ သူဝယ်ပေးတဲ့ကားတွေဆို ဈေးမှန်တယ်။ ကားကောင်းတယ်။ ပြန်ရောင်းရင်လည်း မရှုံးဘူး…စတဲ့ယုံကြည်မှုတွေကြောင့် သူ့ဆီမှာ ဝယ်သူ၊ ရောင်းသူတွေ များပြားခဲ့ပါတယ်။

အချို့ကားပိုင်ရှင်တွေဆိုရင် သူတို့ကားကိုရောင်းဖို့ အပ်ထားကြပါတယ်။ ကားဝယ်ချင်တဲ့လူတွေကလည်း သူတို့တတ်နိုင်တဲ့ငွေလေးနဲ့ သူတို့လိုချင်တဲ့ကားအမျိုးအစားကိုပြောပြီး သူ့ကို ရှာခိုင်းပါတယ်။

ဒီလိုနဲ့ သူဟာ တက္ကစီမောင်းလိုက်၊ ကားပွဲစားလုပ်လိုက်နဲ့ ဘဝကိုကြိုးစားရင်း တစ်ဆင့်တက်ပြီး ကိုယ်တိုင်ကားဝယ်ရောင်းလုပ်လာခဲ့ပါတယ်။ ပထမတော့ သူဟာ အနိမ့်ကားလေးတွေ အရောင်းအဝယ်လုပ်ပါတယ်။ သူကိုယ်တိုင် ကားကောင်း၊ ကားသန့်လေးတွေကို စိတ်ရှည်ရှည်နဲ့ အချိန်ပေးပြီး ရှာဝယ်တယ်။ ပြီးတော့ အမြတ်အစွန်းနည်းနည်းပဲယူပြီး ပြန်ရောင်းတယ်။

ဒီလိုနဲ့ သူဟာ ဘဝကို နာကြည်းချက်တွေနဲ့ ကြိုးစားလုပ်ကိုင်လာခဲ့ရာ အနိမ့်ကားကနေ အမြင့်ကားလေးတွေကိုပြောင်းပြီး အရောင်းအဝယ်လုပ်နိုင်ခဲ့ပါတယ်။

**တကယ်တော့**

**လောကကြီးက တရားပါတယ်။**

**အောင်မြင်ချင်သူတွေအတွက်**

**အောင်မြင်မှုဆိုတာ**

**အဆင်သင့်ရှိနေပါတယ်။**

**ကျွန်တော်တို့ကသာ ရယူပိုင်ဆိုင်ခွင့်ရအောင်**

**ကြိုးစားရမှာပါ။**

အခုလည်း သူဟာ ကားအရောင်းအဝယ်ကိုလုပ်ရင်း လူတွေရဲ့ ယုံကြည်မှုကို ရရှိခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ သူဟာ ကားတွေကို တစ်စီးကနေ နှစ်စီး၊ နှစ်စီးကနေ သုံးစီးအထိ ဝယ်ယူစုဆောင်းကာ ပြန်လည်ရောင်းချနိုင်ခဲ့ပါတယ်။

**ဘယ်ကားရောင်းမလဲ၊**

**သူ့ဆီသွား။**

**ဘယ်ကားဝယ်မလဲ၊**

**သူ့ဆီလာ။**

**ရောင်းရောင်းဝယ်ဝယ်**

**သူက စိတ်ချရတယ်။**

ဆိုတဲ့အထိ သူ့ပတ်ဝန်းကျင်မှာ သူ့ဂုဏ်သတင်းဟာ ပျံ့နှံ့ခဲ့ပါတယ်။

နောက်ဆုံးမှာတော့ သူဖြစ်ချင်တဲ့ဘဝ၊ သူရောက်ချင်တဲ့ဘဝကို အများကင်းနိုင်သမျှကင်းအောင် ကြိုးစားရင်း တက်လှမ်းနိုင်ခဲ့ပါတယ်။

ဒါကြောင့် လူတစ်ယောက်ဟာ အတိတ်မှာ ဘယ်လိုပဲမကောင်းခဲ့ မကောင်းခဲ့၊ ဘယ်လောက်ပဲ အမှားတွေ ကျူးလွန်ပါစေ မိမိကိုယ်ကို ပြုပြင်ပြောင်းလဲမယ်ဆိုရင် အောင်မြင်မှုဆိုတဲ့အရာကို ရယူပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

**တကယ်တော့**


**လူတိုင်းဟာ မှားတတ်ကြပါတယ်။**

ဒါပေမဲ့ အမှားကို အမှားမှန်းသိပါ။
ဘဝမှာ အောင်မြင်မှုကိုလိုချင်ရင်
အမှားတွေကို ပယ်ဖျက်ပြီး
မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ ရှိနေရပါမယ်။

မှန်ကန်တဲ့လုပ်ရပ်တွေနဲ့
အောင်မြင်မှုကို ရှာဖွေနိုင်တဲ့
လူတော်တစ်ယောက်
ဖြစ်နေရပါမယ်။

ဒါမှသာ
ကျွန်တော်တို့လိုချင်တဲ့အရာတွေကို
ပိုင်ဆိုင်ခွင့်ရမှာပါ။
ဒါကြောင့်
မှားပါ။ မှားလို့ရပါတယ်။
ဒါပေမဲ့
အမှားတွေကိုတော့
လုံးဝ ဖက်တွယ်မထားပါနဲ့။

တကယ်လို့သာ
အမှားတွေကို ဖက်တွယ်ထားနေမယ်ဆိုရင်
ကျွန်တော်တို့ဟာ ဘယ်လောက်ပဲတော်ပါစေ
ကျရှုံးနေဦးမှာပါပဲ။ ။



ကျွန်တော်တို့မှာ

ဘယ်လောက်ကောင်းမွန်တဲ့

အတွေးစိတ်ကူးတွေရှိပါစေ


လက်တွေ့မကျင့်သုံးရင်

ဘယ်အရာမှ

အကောင်အထည်ပေါ်မှာ

မဟုတ်ပါဘူး။

သံစဉ်သစ်



# ဦးနှောက်ကို အာရောင်တင်ပေးပါ

**ဘဝမှာ ခြေတစ်လှမ်းချင်းအတူတူ**
**နောက်ကိုဆုတ်တဲ့ ခြေတစ်လှမ်းထက်**
**ရှေ့ကိုတိုးတဲ့ ခြေတစ်လှမ်းက**
**အောင်မြင်မှုအတွက် ပိုအရေးကြီးပါတယ်။**

လူတစ်ယောက်ရဲ့ဘဝဟာ သူ့ရဲ့အတွေးအခေါ်၊ အယူအဆတွေနဲ့ အစိကသက်ဆိုင်ပါတယ်။ သူ့ရဲ့ဦးနှောက်ဖွံ့ဖြိုးမှု အားကောင်းရင်ကောင်း သလို ဘဝက တိုးတက်နိုင်ပါတယ်။ အောင်မြင်နိုင်ပါတယ်။ ကျွန်တော်တို့ ရောက်ချင်တဲ့ဘဝကို ရောက်နိုင်ပါတယ်။

ဒါကြောင့် ဆေးဘက်ဆိုင်ရာပညာရှင်တွေ၊ သုတေသနပညာရှင် တွေဟာ လူတစ်ယောက်ရဲ့ဦးနှောက်ဖွံ့ဖြိုးမှုနဲ့ဆိုင်တဲ့ အလေ့အကျင့်ပညာရပ် တွေ၊ ဆေးဝါးဓာတ်စာတွေကို နည်းအမျိုးမျိုးနဲ့ စမ်းသပ်ပြီး ထုတ်လုပ် ဖြန့်ဖြူးမှုဝေခဲ့ကြပါတယ်။

ပြီးတော့ အချို့မိဘတွေကလည်း သူတို့သားသမီးတွေကို ငယ်စဉ်ကတည်းက ဦးနှောက်ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမယ့်အစားအစာတွေ၊ ဆေးဝါးတွေကို စနစ်တကျနဲ့ တိုက်ကျွေးကြပါတယ်။

တကယ်တော့ လူတစ်ယောက်ရဲ့ဦးနှောက်ဖွံ့ဖြိုးမှုဟာ အလေ့အကျင့်ကောင်းတွေနဲ့ အဓိကသက်ဆိုင်ပါတယ်။ ဘယ်လောက်ပဲ ဦးနှောက်ဖွံ့ဖြိုးပါစေ၊ ဘယ်လောက်ပဲ အတိတ်ဘဝက ပါရမီပါလာပါစေ ဆက်လက်ပြီး စနစ်တကျနဲ့ လေ့ကျင့်ပျိုးထောင်မှုမရှိရင် (ဦးနှောက်ဖွံ့ဖြိုးမှုကို ဆုတ်ယုတ်စေမယ့်အရာတွေကို လုပ်နေမယ်ဆိုရင်) ဘယ်လောက်တော်တဲ့သူဖြစ်ပါစေ အောင်မြင်မှုနဲ့ ဝေးကွာတတ်ကြပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ အောင်မြင်မှုကို ပိုင်ဆိုင်ဖို့ဆိုရင် ဦးနှောက်ဖွံ့ဖြိုးမှုကို ရပ်တန့်စေမယ့်အရာတွေကို ရှောင်ရပါမယ်။ စဉ်ဆက်မပြတ် ကျွန်တော်တို့ရဲ့ဦးနှောက်ကို တောက်ပသထက်တောက်ပအောင် အရောင်တင်ပေးရပါမယ်။

တစ်ခါတုန်းက မြို့တစ်မြို့မှာ ဦးနှောက်ဖွံ့ဖြိုးမှု အားကောင်းပြီး အရမ်းတော်တဲ့လူတစ်ယောက် ရှိခဲ့ဖူးပါတယ်။ သူဟာ မာန်မာနမရှိ၊ ဘဝကို ပေါ့ပေါ့ပါးပါးနဲ့ ဖြတ်သန်းခဲ့သလို လူသားဆန်တဲ့နှလုံးသားလည်း ရှိပါတယ်။ ပြီးတော့ လူကိုလူလိုမြင်ပြီး ကြီးကြီးငယ်ငယ် တန်ဖိုးထားဆက်ဆံတတ်တယ်။

သူဟာ ရည်မှန်းချက်အလွန်ကြီးသူဖြစ်ပြီး သူ့ဘဝကို မှန်ကန်တဲ့နည်းလမ်းတွေနဲ့ အမြင့်ဆုံးအထိ ပျံသန်းဖို့ ရည်ရွယ်ထားသူပါ။ တစ်နေ့ကျရင် အောင်မြင်မှုကြီးကြီးမားမားတစ်ခုကို ရယူပိုင်ဆိုင်နိုင်လိမ့်မယ်လို့လည်း သူ့ကိုယ်သူ ယုံကြည်ထားပါတယ်။

**သူဟာ တကယ်ပဲ**

**ဦးနှောက်ဖွံ့ဖြိုးမှုကောင်းတဲ့**

**လူတော်တစ်ယောက်ပါ။**

**မျှတတဲ့အတွေးအခေါ်နဲ့**

**လူသားအကျိုးပြုအလုပ်တွေကိုလုပ်ရင်း**

**အောင်မြင်မှုကို ရှာဖွေနေသူပါ။**

ကွန်ပျူတာတွေခေတ်စားတဲ့အချိန်မှာ သူဟာ ကွန်ပျူတာပညာရပ်ကို သေချာစွာလေ့လာဆည်းပူးပြီး ကွန်ပျူတာအလုံးပေါင်းများစွာနဲ့ ကိုယ်ပိုင်ကွန်ပျူတာသင်တန်းကို ဖွင့်လှစ်ခဲ့ပါတယ်။

သူဟာ အကျိုးအမြတ်ကို အဓိကထားပြီး သင်တန်းဖွင့်လှစ်ခဲ့တာ မဟုတ်တာကြောင့် သူ့ရဲ့ကွန်ပျူတာသင်တန်းမှာ ငွေကြေးအဆင်မပြေတဲ့ လူငယ်တွေဆိုရင် အခမဲ့ ပညာသင်ပေးပါတယ်။ ငွေကြေးအဆင်ပြေတဲ့ သူတွေဆိုရင်လည်း သင်တန်းကြေးနည်းနည်းပဲယူပြီး သူတတ်ထားတဲ့ပညာရပ်တွေကို စိတ်ရှည်လက်ရှည်နဲ့ မျှဝေသင်ကြားပေးပါတယ်။

တစ်ခါတော့ သူ့ကို လူတစ်ယောက်က-

"မင်း ဘာသဘောနဲ့ မရှိတဲ့သူတွေဆိုရင် သင်တန်းကြေး လုံးဝမယူဘဲ ရှိတဲ့သူတွေဆိုရင်လည်း သင်တန်းကြေးနည်းနည်းပဲယူတာလဲ" လို့ မေးဖူးပါတယ်။ အဲဒီအခါမှာ သူက-

"ကျွန်တော် ကမ္ဘာက လေးစားရတဲ့ပုဂ္ဂိုလ်တွေအကြောင်းကို လေ့လာကြည့်တယ်။ သူတို့အားလုံးဟာ ပရဟိတစိတ် ရှိကြတယ်ဗျ။ ဒါကြောင့် ဘဝမှာ အောင်မြင်ပြီး သူတစ်ပါး လေးစားမှုကို လိုချင်ရင် အတ္တဆန်တဲ့အလုပ်တွေထက် ပရဟိတဆန်တဲ့အလုပ်တွေကို လုပ်ရမယ်လို့ ကျွန်တော် ယုံကြည်ထားတယ်" ဆိုပြီး ပြန်ဖြေပါတယ်။

တကယ်ပဲ သူဟာ ပရဟိတစိတ်ရှိသူ ဖြစ်ပါတယ်။ အခက်အခဲရှိသူဆိုရင် ကူညီဖို့ ဝန်မလေးတတ်သူပါ။ ပြီးတော့ စိတ်သဘောထား

ကောင်းသလို စာလည်း အရမ်းဖတ်တာကြောင့် သူစကားပြောရင် နားထောင်လို့ကောင်းခဲ့ပါတယ်။

သူဟာ စကားပြောရင် သက်သေသက္ကာယတွေနဲ့ ခိုင်ခိုင်လုံလုံ ပြောတတ်သလို သူ့ရဲ့စကားတိုင်းမှာ ဗဟုသုတရစရာ အသိအမြင်တွေ အများကြီးပါတယ်။ ဒါကြောင့် သူရှိတဲ့စကားဝိုင်းမှာဆိုရင် လူငယ်တွေ သာမက လူလတ်၊ လူကြီးတွေလည်း ဝိုင်းဝိုင်းလည်နေပါတယ်။

**သူဟာ ချမ်းသာတဲ့**
**မိဘနှစ်ပါးကနေ**
**မွေးဖွားလာခဲ့ပေမယ့်**
**လက်တွေ့ဆန်တဲ့**
**ရှင်သန်မှုတစ်ခုအပေါ်မှာ**
**ပေါ့ပေါ့ပါးပါးပဲ**
**နေထိုင်ခဲ့ပါတယ်။**

**တစ်ခါတစ်ရံ**
**သူ့ရဲ့အတွေးတွေကို**
**အဆုံးအစမရှိ**
**လေဟာနယ်ထဲကို**
**ဖြန့်ထုတ်တတ်ပေမယ့်**
**သူဟာ အတွေးတွေကြားထဲမှာ**
**ပျော်မွေ့နေတတ်သူ မဟုတ်ပါဘူး။**

သူဟာ လူတိုင်းကို ဖော်ဖော်ရွေရွေ၊ ကြင်ကြင်နာနာ၊ ဖေးဖေးမမ ဆက်ဆံပြောဆိုတတ်သလို ကူညီစရာရှိရင်လည်း စိတ်ရောကိုယ်ပါ အားတက်သရော ကူညီတတ်ပါတယ်။ ဒါကြောင့်လည်း လူချစ်လူချင်ပေါ

သလို လူအများရဲ့လေးစားခြင်းကိုလည်း ခံခဲ့ရပါတယ်။ သူဟာ ကွန်ပျူ တာသင်တန်းဖွင့်ရင်းနဲ့ပဲ အချိန်အားရင်အားသလို ဆယ်တန်းကိုလည်း အခမဲ့ သင်ပေးပါတယ်။ သူ့ရဲ့သင်ကြားပြသမှုကြောင့် ဘဝကို ဖြစ်သလို နေထိုင်ပြီး ရည်ရွယ်ချက်မရှိ၊ ရည်မှန်းချက်မရှိတဲ့ လူငယ်တော်တော် များများဟာ ဆယ်တန်းကို အောင်မြင်ကာ အနာဂတ်အလင်းရောင်ကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။

အဲဒီလူငယ်တွေဟာဆိုရင် သူနဲ့မတွေ့ခင်က ဆယ်တန်းကို တဖုန်းဖုန်းကျပြီး စာကို လုံးဝစိတ်မဝင်စားတဲ့လူငယ်ချည်းပါပဲ။ ပြီးတော့ ပတ်ဝန်းကျင်က ဆိုးသွမ်းတဲ့လူငယ်တွေအဖြစ် သတ်မှတ်ထားသူတွေပါ။ ဒါပေမဲ့ သူနဲ့တွေ့တဲ့အချိန်မှာ အဲဒီလူငယ်လေးတွေဟာ သူ့ရဲ့ဆုံးမစကား တွေနဲ့ လိမ္မာလာကြပါတယ်။ သူဖတ်တဲ့စာအုပ်တွေကိုလိုက်ဖတ်ပြီး စာကို ကြိုးစားချင်စိတ်တွေပေါ်လာတယ်။

**ဘဝကို အောင်မြင်ချင်လာတယ်။**
**မိမိတို့ရဲ့အနာဂတ်ကို**
**လှပအောင် တည်ဆောက်ချင်လာတယ်။**
**ထင်ပေါ်ကျော်ကြားသူအဖြစ်**
**ရှင်သန်ချင်လာတယ်။**

ဒါကြောင့်လည်း သူနဲ့တွေ့ဆုံပြီးနောက် လူဆိုး၊ လူရမ်းကားလေး အဖြစ် သတ်မှတ်ခံထားရတဲ့လူငယ်လေးတွေဟာ သူတို့ဘဝကို ပြောင်းပြန် လှန်ပစ်လိုက်ပါတယ်။ အဲဒီလို သူဟာ တစ်ပါးသူကို စည်းရုံးဆွဲဆောင်တဲ့ နေရာမှာ အရမ်းတော်သလို အသိအမြင် ဗဟုသုတလည်း ကြွယ်ဝပါ တယ်။ ပြီးတော့ လူသားဆန်တဲ့နှလုံးသားနဲ့ လူလူချင်း တန်ဖိုးထားတတ်တဲ့ စိတ်၊ လေးစားတတ်တဲ့စိတ်တွေကြောင့် သူ့ရဲ့ဂုဏ်သတင်းဟာ မွှေးပျံ့နေခဲ့ ပါတယ်။

သူဟာ အဘက်ဘက်ကတော်ခဲ့ပေမယ့် သူ့မှာ အားနည်းချက် တစ်ခု ရှိခဲ့ပါတယ်။ အဲဒီအားနည်းချက်က အရက်ကို နှစ်နှစ်ခြိုက်ခြိုက် သောက်သုံးတာပါပဲ။

လူအချို့ဟာ အရက်ကို ပျော်ချင်လို့၊ စိတ်ညစ်လို့၊ စိတ်ပင်ပန်းလို့၊ မူးချင်လို့၊ မသောက်ရရင် မနေနိုင်လို့ စတဲ့အကြောင်းပြချက်တွေနဲ့ သောက်ကြပေမယ့် သူအရက်သောက်တာကတော့ အရက်ရဲ့အရသာကိုကြိုက်လို့ ပါပဲ။

ဒါကြောင့် သူအရက်သောက်ရင် ရေမရောဘူး။ ရေခဲမထည့်ဘူး။ ပြီးတော့ အရက်ရဲ့အရသာကို တစိမ့်စိမ့်ခံပြီး သောက်လေ့ရှိတယ်။ သူဟာ အရက်ကို နှစ်နှစ်ခြိုက်ခြိုက် သောက်သုံးတတ်ပေမယ့် မူးယစ်ရမ်းကားတာ၊ စကားပြောမှားတာ၊ ပြဿနာဖြစ်တာ လုံးဝမရှိခဲ့ပါဘူး။ ဘယ် လောက်ပဲသောက်သောက် လုံးဝဟန်မပျက်ဘဲ ပုံမှန်အတိုင်း ပြောဆို ဆက်ဆံနိုင်ခဲ့ပါတယ်။

ပွင့်ပွင့်လင်းလင်းပြောရရင် သူဟာ အရက်မမူးတဲ့အခါမှာပြောတဲ့ စကားတွေထက် အရက်မူးတဲ့အခါမှာပြောတဲ့စကားတွေဟာ ပိုပြီးလေးနက် မှုရှိတယ်။ ပိုပြီး လူ့လောကရဲ့သရုပ်မှန်ကို ထင်ဟပ်စေပါတယ်။ ဒါကြောင့် အရက်မူးတဲ့အခါမှာပြောတဲ့ သူ့ရဲ့စကားလုံးတွေကို တော်ရုံတန်ရုံ အတွေး အခေါ်တွေနဲ့ လိုက်မမီခဲ့ပါဘူး။ .

**သူဟာ**

**စိတ်ပညာနဲ့ ဘွဲ့ရခဲ့သလို**

**စိတ်ပညာရပ်ဆိုင်ရာ**

**အတွေးအခေါ်စာအုပ်တွေကို**

**လေ့လာဖတ်ရှုခဲ့တာကြောင့်**

**လူတွေရဲ့စိတ်သဘောထားတွေကို**

**တော်တော်လည်း တီးမိခေါက်မိရှိခဲ့ပါတယ်။**

**လူတစ်ယောက်ရဲ့ မှားယွင်းနေတဲ့**

**အတွေးအခေါ်၊ အယူအဆတွေကို**

**ပြောင်းပြန်လှန်နိုင်စွမ်း ရှိပါတယ်။**

ဒါကြောင့်လည်း သူဘယ်လောက်ပဲ သောက်ထားပါစေ သူပြောတဲ့စကားတွေကို အပေါင်းအသင်းမိတ်ဆွေတွေဟာ လက်ခံရပါတယ်။ အဲဒီအချိန်က သူ့ရဲ့အရှိန်အဝါဟာ ဘယ်လောက်ကြီးသလဲဆိုရင် သူတို့မြို့လေးမှာ ဆယ်တန်းအောင်တဲ့ လူငယ်တော်တော်များများဟာ တက္ကသိုလ်တက်ဖို့ မေဂျာလျှောက်တဲ့အခါ သူဘွဲ့ယူခဲ့တဲ့ စိတ်ပညာမေဂျာကို အဓိကထားပြီး လျှောက်ကြပါတယ်။

'ဆိုက်ကို'ဆိုတဲ့စကားလုံးဟာ သူတို့မြို့လေးမှာ ခေတ်စားခဲ့ပါတယ်။ ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော ပြီးသွားရင် "အဲဒါ ဆိုက်ကိုကွ" ဆိုပြီး ပြောတတ်တဲ့အကျင့်လေးဟာ သူတို့မြို့ရဲ့လူငယ်တွေကြားထဲမှာ ရှိခဲ့ဖူးပါတယ်။

'ဆိုက်ကို'မေဂျာမှမဟုတ်ရင် သူတို့စကားဝိုင်းထဲကို ဝင်လာလို့မရဘူးဆိုတဲ့ လူ့အဖွဲ့အစည်းတစ်ခုဟာ သူတို့မြို့လေးမှာ ပေါ်ပေါက်ခဲ့ဖူးပါတယ်။ အဲဒီလို သူဟာ ပတ်ဝန်းကျင်အပေါ်မှာ အရှိန်အဝါကြီးမားတဲ့ လူတော်တစ်ယောက်ဖြစ်ခဲ့ပေမယ့် အောင်မြင်မှုဆိုတဲ့အရာနဲ့ သူဟာ ဝေးကွာခဲ့ပါတယ်။

**အရက်ဆိုတာ**

**သောက်ပါများသွားရင်**

**အရက်က လူကို နိုင်သွားပါတယ်။**

**အဲဒီအခါမှာတော့**

**လူတစ်ယောက်ရဲ့ခွန်အားတွေ**

**အတွေးအခေါ်တွေ၊ မှတ်ဉာဏ်တွေ**
**အောင်မြင်မှုတွေဟာ**
**ဆုတ်ယုတ်ပျက်စီးတတ်ပါတယ်။**

**အရက်က တကယ်ပဲ**
**လမ်းမှားရောက်စေပါတယ်။**

အခုလည်း သူဟာ အရက်ကို အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်လို သဘောထားပြီး နှစ်ခြိုက်စွာ အဖော်ပြုနေတာကြောင့် တဖြည်းဖြည်းနဲ့ အရက်ရဲ့ကျေးကျွန် ဖြစ်လာပါတယ်။ အရက်မသောက်ရရင်မနေနိုင်တဲ့ဘဝကို ရောက်လာခဲ့ပါတယ်။

ပြီးတော့ သူဟာ အရက်သောက်ရင် ရေရောပြီးသောက်တာ မဟုတ်သလို နောက်ပိုင်းမှာ အရက်မရွေးတော့ဘဲ ကြုံတဲ့အရက်ကို ကြုံတဲ့နေရာမှာ ကြုံသလိုသောက်လာတာကြောင့် ကျန်းမာရေးထိခိုက်လာပါတယ်။ ဦးနှောက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုတွေ ဖြစ်လာပါတယ်။ သတိတွေ ခဏခဏ မေ့လာပါတယ်။ အတွေးအခေါ် ဆုံးဖြတ်ချက်တွေ မှားယွင်းလာပါတယ်။ သူ့ရဲ့ဦးနှောက်ဖွံ့ဖြိုးမှုဟာ အရက်ရဲ့ဝါးမျိုခြင်းကြောင့် ဆက်လက်မဖွံ့ဖြိုးနိုင်တော့ဘဲ ရပ်တန့်သွားခဲ့ပါတယ်။

နောက်ဆုံးမှာတော့ သူဟာ နှမြောစရာကောင်းလောက်အောင် အသည်းခြောက်ရောဂါနဲ့ ဘဝနိဂုံးချုပ်ခဲ့ရပါတယ်။ သူကွယ်လွန်တော့ အသက် (၃၁)နှစ်သာ ရှိပါသေးတယ်။

ဒါကြောင့် လူတစ်ယောက်ဟာ ဘယ်လောက်ပဲတော်ပါစေ၊ ဘယ်လောက်ပဲ ဉာဏ်ရည်ထက်မြက်ပါစေ၊ ဘယ်လောက်ပဲ အတိတ်ပါရမီပါလာပါစေ ဘဝမှာ အောင်မြင်မှုတွေကို ပိုင်ဆိုင်ဖို့ဆိုရင် ဦးနှောက်ကို အမြဲထက်မြက်စေဖို့ စနစ်တကျ လေ့ကျင့်ပေးရပါမယ်။ ဦးနှောက်ဖွံ့ဖြိုး

မှုကို ရပ်တန့်စေမယ့်အရာတွေကိုရှောင်ရင်း အောင်မြင်မှုကို ဆွတ်ခူးနိုင်အောင် ကြိုးစားရပါမယ်။


အဲဒီလိုမှမဟုတ်ဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ဦးနှောက်ကို အရောင်တင်မပေးဘူးဆိုရင် ကျွန်တော်တို့ဟာ ဘယ်လောက်ပဲတော်ပါစေ အောင်မြင်မှုရဲ့အဝေးဆုံးမှာ ရှိနေဦးမှာပါပဲ။

**ဦးနှောက်ဆိုတာ**
**အရမ်းအံ့ဩဖို့ကောင်းပါတယ်။**

**တစ်ခုခုကို တွေးလိုက်မိတာနဲ့**
**ကျွန်တော်တို့ မသိမမြင်ခဲ့တဲ့**
**အတွေးစတွေဟာ ဆင့်ကဲဆင့်ကဲနဲ့**
**အာရုံထဲကိုရောက်လာပြီး**
**ကျွန်တော်တို့ကို ဟိုးအဝေးဆီ**
**ခေါ်ဆောင်သွားပါတယ်။**

**ဒါကြောင့် တွေးပါ။ များများတွေးပါ။**
**အောင်မြင်မှုအတွက် များများတွေးဖို့ လိုအပ်သလို**
**အောင်မြင်မှုအတွက် ဦးနှောက်ကို အရောင်တင်ပေးဖို့**
**လုံးဝ မမေ့ပါနဲ့။**






အောင်မြင်တဲ့သူတွေဟာ

မအောင်မြင်သေးတဲ့အချိန်မှာ

သူတို့ဘဝတွေကို

သည်းခံစိတ်နဲ့ ရှင်သန်ကြတယ်။

သံစဉ်သစ်



# အောင်မြင်ချင်ရင် မကြောက်နဲ့

**သတ္တိရှိခြင်း၊ ရဲရင့်ခြင်းမရှိဘဲနဲ့**
**အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်ဖို့**
**လုံးဝ မကြိုးစားလိုက်ပါနဲ့။**

ကျွန်တော်တို့ဟာ ကျွန်တော်တို့ဘဝမှာ လုပ်ချင်တာကို လုပ်ရဲတဲ့ သတ္တိမရှိဘဲ ကြောက်စိတ်တွေရှိနေပြီဆိုရင် အောင်မြင်မှုဆိုတဲ့အရာကို ဘယ်သောအခါမှ ပိုင်ဆိုင်နိုင်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကြောက်တဲ့စိတ်ဟာ အောင်မြင်မှုရဲ့ရန်သူဖြစ်နေလို့ပါပဲ။

ဒါကြောင့် ကျွန်တော်တို့ဟာ အောင်မြင်မှုအတွက်ဆိုရင် ကြောက်စိတ်ကို ချေမှုန်းပစ်ရပါမယ်။ ကြောက်စိတ်ကင်းတဲ့လူအဖြစ် ရှင်သန်ရပါမယ်။

ဥပမာ- သီချင်းဆိုရမှာကို ကြောက်နေတဲ့လူတစ်ယောက်ဟာ ဘယ်သောအခါမှ အောင်မြင်တဲ့အဆိုတော်ကောင်းတစ်ယောက် ဖြစ်လာမှာမဟုတ်သလို ရေကူးရမှာကိုကြောက်နေတဲ့လူတစ်ယောက်ဟာလည်း ဘယ်သောအခါမှ ထူးချွန်တဲ့ရေကူးသမားကောင်းတစ်ယောက် ဖြစ်လာမှာ မဟုတ်ပါဘူး။

အဲဒီလိုပါပဲ၊ စာသင်ကြားပြသရမှာကို ကြောက်နေတဲ့ လူတစ်ယောက်ဟာ ဘယ်သောအခါမှ အောင်မြင်တဲ့စာသင်ကြားရေးဆရာ၊ ဆရာမကောင်းတစ်ယောက်ဖြစ်မလာသလို အမြင့်ကိုကြောက်နေတဲ့လူတစ်ယောက်ကလည်း ဘယ်သောအခါမှ အောင်မြင်တဲ့ လေထီးခုန်သမားတစ်ယောက် ဖြစ်လာမှာမဟုတ်ပါဘူး။

**ဒါကြောင့်**
**ကျွန်တော်တို့ဟာ**
**ဘယ်လိုပညာရပ်ကိုပဲ**
**သင်ချင်ပါစေ၊**

**ဘယ်လိုနယ်ပယ်မှာပဲ**
**ကျင်လည်ချင်ပါစေ၊**

**ကျွန်တော်တို့ဖြစ်ချင်တဲ့ဆန္ဒ**
**ကျွန်တော်တို့လုပ်ကိုင်ချင်တဲ့အလုပ်**
**ကျွန်တော်တို့ရောက်ချင်တဲ့**
**ဘဝအိပ်မက်ဆီကိုရောက်ဖို့ဆိုရင်**
**ကြောက်စိတ်တွေကင်းမဲ့ဖို့ လိုပါတယ်။**
**ကြောက်ရွံ့ခြင်းတွေမရှိဖို့ လိုပါတယ်။**

အဲဒီလိုမှမဟုတ်ဘဲ ကျွန်တော်တို့ဟာ လုပ်ချင်တဲ့အလုပ်တစ်ခုအပေါ်မှာ ကြောက်ရွံ့နေမယ်ဆိုရင် (ဒါမှမဟုတ်) ကျွန်တော်တို့လုပ်ကိုင်ဆောင်ရွက်နေတဲ့အလုပ်တွေအပေါ်မှာ ယုံကြည်မှုကင်းမဲ့စွာနဲ့ ကြောက်ရွံ့နေမယ်ဆိုရင် ကျွန်တော်တို့ဟာ ဘယ်လောက်ပဲတော်နေပါစေ၊ ထက်မြက်နေပါစေ၊ အတွေအခေါ်ကောင်းနေပါစေ၊ အောင်မြင်တဲ့လူတစ်ယောက်ဖြစ်လာမှာ မဟုတ်ပါဘူး။

ဒါကြောင့် ဘဝမှာ အောင်မြင်မှုကို ရယူချင်တယ်ဆိုရင် ကျွန်တော်တို့ရင်ထဲမှာ ရှိမနေသင့်တဲ့အရာကတော့ ကြောက်စိတ်ပဲဖြစ်ပါတယ်။ ကြောက်စိတ်က ဘဝကို အမှောင်ဖုံးစေပါတယ်။ အောင်မြင်မှုနဲ့ဝေးရာကို ပို့ဆောင်ပေးပါတယ်။ အောင်မြင်မှုကိုရယူတဲ့နေရာမှာ ကြီးမားတဲ့အဟန့်အတားအဖြစ် ရှိနေတတ်ပါတယ်။ အခက်အခဲများစွာကို ဖြစ်ပေါ်စေပါတယ်။

တစ်ခါက အောင်မြင်တဲ့ သိပ္ပံပညာရှင်ကြီး တစ်ယောက်ကို သတင်းထောက်က-

"သိပ္ပံပညာရှင်ကြီးခင်ဗျား…အခုလို အောင်မြင်ကျော်ကြားတဲ့လူတစ်ယောက်ဖြစ်အောင် ဘယ်လိုကြိုးစားခဲ့ပါသလဲ" လို့ မေးခဲ့ပါတယ်။ အဲဒီအခါမှာတော့ သိပ္ပံပညာရှင်ကြီးက-

"ကျွန်တော်ဟာ စမ်းသပ်မှုတစ်ခုကို ပြုလုပ်တော့မယ်ဆိုရင် အရင်ဆုံး ကြောက်စိတ်ကို ဖယ်ရှားပါတယ်။ ပြီးတော့ ရဲရင့်ပြတ်သားမှုနဲ့ အတူ ငါ ဒီအရာကို စမ်းသပ်မယ်၊ မအောင်မြင်မှာကို မကြောက်ဘူး။ မအောင်မြင်ရင် အောင်မြင်အောင် ထပ်ကာထပ်ကာ ပြုလုပ်မယ်ဆိုတဲ့ စိတ်နဲ့ စမ်းသပ်မှုတွေကို ပြုလုပ်ခဲ့တာကြောင့် အောင်မြင်ကျော်ကြားတဲ့ လူတစ်ယောက်အဖြစ် ကမ္ဘာကြီးရဲ့အသိအမှတ်ပြုခြင်းကို ခံခဲ့ရပါတယ်" လို့ ပြန်ဖြေခဲ့ပါတယ်။

ပြီးတော့ သိပ္ပံပညာရှင်ကြီးက ထပ်ပြောပါတယ်။

"ကျွန်တော် အိမ်မှာ စမ်းသပ်မှုနဲ့ပတ်သက်ပြီး မှတ်တမ်းတင်ထားတဲ့စာရွက်ပေါင်း တစ်ထောင်ကျော်ရှိတယ်။ အဲဒီစာရွက်ပေါင်းတစ်ထောင်ကျော်ထဲက စာမျက်နှာတစ်မျက်နှာဘဲ အမှန်ဖြစ်တယ်။ ကျန်တဲ့စာမျက်နှာတွေအကုန်လုံးက ကျွန်တော့်ရဲ့စမ်းသပ်မှုအလွဲတွေချည်းပဲ။ ဒါကြောင့်ခင်ဗျားကို ကျွန်တော် ပြောချင်တာက အောင်မြင်ခြင်းရဲ့နောက်မှာ မအောင်

မြင်ခြင်းတွေ များစွာရှိခဲ့တယ်။ မအောင်မြင်ခြင်းတွေကို ကြောက်ရင် အောင်မြင်တဲ့လူ မဖြစ်နိုင်ဘူး"

သိပ္ပံပညာရှင်ကြီး ပြောသလိုပါပဲ။ ဘဝမှာ အောင်မြင်မှုကိုလိုချင်ရင် မကြောက်ဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ကျွန်တော်အပါအဝင် လူတော်တော်များများဟာ အောင်မြင်ချင်စိတ်ရှိပေမယ့် မအောင်မြင်မှာကို ကြောက်နေခဲ့တာကြောင့် စွန့်လွှတ်စွန့်စားရမယ့် အရာတွေနဲ့ ဝေးရာမှာနေထိုင်တတ်ကြပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ဖြစ်ချင်တဲ့ဘဝ၊ ကျွန်တော်တို့လိုချင်တဲ့ပန်းတိုင်နဲ့ အလှမ်းဝေးခဲ့ရပါတယ်။

တစ်ခါတုန်းကလည်း သီချင်းဆိုတာ အရမ်းဝါသနာပါတဲ့ လူငယ်လေးတစ်ယောက် ရှိပါတယ်။ သူဟာ ဂစ်တာကိုလည်း အတော်အသင့်တီးတတ်သလို သီချင်းကိုလည်း ကောင်းကောင်းမွန်မွန် ဆိုတတ်ပါတယ်။ သူသီချင်းဆိုရင်လည်း သူ့အသံလေးက ချိုမြမြနဲ့ နားထောင်လို့ကောင်းပါတယ်။

ဒါကြောင့် သူငယ်ချင်းအပေါင်းအသင်းကြားထဲမှာဆိုရင် သူဟာ ဂစ်တာတီးကောင်းသူ၊ သီချင်းဆိုကောင်းသူ၊ အသံကောင်းသူအဖြစ် ချီးကျူးခံခဲ့ရပါတယ်။ အချို့သူငယ်ချင်းတွေဆိုရင် သူတို့ကောင်မလေးတွေအိမ်ရှေ့ ဂစ်တာသွားတီးပြီး သီချင်းဆိုချင်ရင် သူ့ကို ဂစ်တာတီးပေးဖို့ တကူးတက လာခေါ်ရပါတယ်။ သူကိုယ်တိုင်ကလည်း တစ်နေ့ကျရင် အဆိုတော်ဖြစ်ရမယ်လို့ ယုံကြည်ခဲ့ပါတယ်။

**သူဟာ ယုံကြည်ချက်နဲ့**
**သူ့ဘဝကို တည်ဆောက်ခဲ့ပါတယ်။**
**အချိန်ရရင်ရသလို**
**ဂီတပညာကို လေ့လာသင်ယူခဲ့ပါတယ်။**

**သူ့အသံကို ကောင်းသထက်ကောင်းအောင်**
**လေ့ကျင့်ခဲ့ပါတယ်။**

**အောင်မြင်တဲ့ အဆိုတော်တစ်ယောက်ဖြစ်ဖို့**
**မလွယ်ကူမှန်းသိနေပေမယ့်လည်း**
**သူဟာ ဇွဲမလျှော့ခဲ့ပါဘူး။**

ဒီလိုနဲ့ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်တဲ့နှစ်ကိုရောက်တဲ့အခါမှာတော့ မောင်မယ်သစ်လွင် ကြိုဆိုပွဲမှာ သူ့ကို သီချင်းဆိုဖို့ သူငယ်ချင်းတွေက ဝိုင်းပြီးတိုက်တွန်းကြပါတယ်။ သူငယ်ချင်းတစ်ယောက်က ဆိုရင် -

"ငါတို့မြို့မှာ မင်းလို သီချင်းဆိုကောင်း၊ အသံကောင်းတဲ့လူတစ်ယောက်ရှိတယ်ဆိုတာကို တက္ကသိုလ်တစ်ခုလုံးသိအောင် ပြလိုက်စမ်းပါကွာ" ဆိုပြီး အားပေးစကားပြောပါတယ်။

ကျန်တဲ့သူငယ်ချင်းတစ်ယောက်ကလည်း -

"ဟုတ်တယ်ကွ၊ မင်းရဲ့အသံက တကယ့်ပါရမီရှင်အသံ၊ အေးပြီးချိုနေတာပဲ။ မင်းလို အနာဂတ်မှာ အောင်မြင်မယ့်အဆိုတော်တစ်ယောက်သာ သီချင်းတက်ဆိုလိုက်ရင် တက္ကသိုလ်တစ်ခုလုံး ဝက်ဝက်ကွဲ အုံ့ဩသွားလိမ့်မယ်။ ပြီးတော့ ငါတို့မေဂျာ၊ ငါတို့မြို့လည်း ဂုဏ်ရှိသွားမှာကွ" လို့ အားရဝမ်းသာပြောပါတယ်။

အဲဒီလို သူငယ်ချင်းတွေ ဝိုင်းဝန်းအားပေးမှုကြောင့် သူဟာ သီချင်းဆိုဖို့ စာရင်းပေးလိုက်ပါတယ်။ ပြီးတော့ အကောင်းဆုံး သီဆိုနိုင်ဖို့အတွက် သူဆိုမယ့်သီချင်းကို အကြိမ်ပေါင်းများစွာ လေ့ကျင့်ခဲ့ပါတယ်။

**သူဟာ ပွဲမဝင်ခင်**
**အပြင်ကနေ လေ့ကျင့်ခဲ့ပါတယ်။**

**သူ့ကိုယ်သူ ယုံကြည်မှုရှိတဲ့အထိ ပြင်ဆင်ခဲ့ပါတယ်။**

ဒီလိုနဲ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲမရောက်ခင်မှာ သီချင်းဆိုဖို့ စာရင်းပေးထားတဲ့လူတွေ အရမ်းများနေတာကြောင့် လူရွေးချယ်ပွဲကို အကြိုပြုလုပ်ပါတယ်။ သီချင်းဆိုဖို့ စာရင်းပေးထားတဲ့ ကျောင်းသားကျောင်းသူတွေထဲကမှ အကောင်းဆုံး (၁၅)ယောက်ကိုရွေးပြီး မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာ သီချင်းဆိုခိုင်းမှာပါ။

ဒါပေမဲ့ သူဟာ အဲဒီလူရွေးပွဲကို သိပ်ပြီးရင်မခုန်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သူ့အသံကို သူယုံသလို၊ သူဆိုမယ့်သီချင်းကိုလည်း ပိုင်ပိုင်နိုင်နိုင် ရှိနေလို့ပါ။

လူရွေးပွဲစတင်တဲ့အခါမှာတော့ သီချင်းဆိုဖို့ စာရင်းပေးထားတဲ့ ကျောင်းသူကျောင်းသားတွေဟာ တစ်ယောက်ပြီးတစ်ယောက် သီချင်းတွေကို ဆိုကြပါတယ်။ အဲဒီလို သီချင်းဆိုကြရင်းနဲ့ အရွေးခံရသူက အရွေးခံရ၊ ပြုတ်တဲ့သူကပြုတ်ကြနဲ့ တက္ကသိုလ်ကျောင်းသားဘဝ တကယ့်ပျော်စရာဖြစ်ခဲ့ပါတယ်။

ဒီလိုနဲ့ သူ့အလှည့်ကိုရောက်တဲ့အခါမှာတော့ သူဟာ သီချင်းဆိုဖို့အတွက် ယုံကြည်မှုအပြည့်နဲ့ စင်ပေါ်တက်သွားပါတယ်။ ပြီးတော့ မိုက်ကိုကိုင်ပြီး လာရောက်အားပေးတဲ့ ကျောင်းသားကျောင်းသူတွေကို ကြည့်လိုက်ပါတယ်။ သူ့သူငယ်ချင်းတွေကလည်း လက်တွေကို လေပေါ်မှာ ဝှေ့ယမ်းပြီး သူ့ကို အားပေးနေကြပါတယ်။

အဲဒီအချိန်မှာ ကီးဘုတ်ဆရာက သူဆိုမယ့်သီချင်းကို စတင်တီးနေပါပြီ။ သီချင်းစတင်ဆိုရမယ့်နေရာရောက်တော့ သူ့ကို သီချင်းဆိုဖို့ ကီးဘုတ်ဆရာက အချက်ပြတယ်။ ဒါပေမဲ့ အံ့ဩစရာကောင်းလောက်

အောင် သူ့ဆီက ဘာသံမှထွက်မလာခဲ့ပါဘူး။ ပိုပြီးအံ့သြစရာကောင်းတာကတော့ မိုက်ကိုကိုင်ပြီး ပါးစပ်နားတေ့ထားတဲ့ သူ့လက်တွေဟာ တဆတ်ဆတ်တုန်နေပါတယ်။ ပြီးတော့ သူ့ခန္ဓာကိုယ်ကလည်း ကယိမ်းကယိုင်ဖြစ်နေပါတယ်။ မျက်နှာမှာလည်း ချွေးစေးတွေပြန်နေပါတယ်။

အောက်ကပရိသတ်တွေက တီးလုံးသံနဲ့လိုက်ပြီး သီချင်းတွေကို အော်ဟစ်ဆိုကြပေမယ့် သူ့အသံကတော့ ပျောက်နေဆဲပါပဲ။ အဲဒီအချိန်မှာပဲ အခြေအနေတစ်ခုကို နားလည်သဘောပေါက်သွားတဲ့ အစီအစဉ်မှာပါဝင်သူ တတိယနှစ်က ကျောင်းသားတစ်ဦးဟာ သူ့နားကိုရောက်လာပြီး သူ့ပခုံးကို ဖက်ကာ သူ့ကို သီချင်းကူဆိုပေးခဲ့ပါတယ်။ ဒါပေမဲ့ သီချင်းတစ်ပုဒ်လုံးသာ ပြီးဆုံးသွားတယ်၊ သူဟာ သီချင်းမဆိုလိုက်ရပါဘူး။

သူစင်ပေါ်က ပြန်ဆင်းလာတဲ့အထိ သူဟာ စိတ်နဲ့လူနဲ့မကပ်သလိုပါပဲ။ စင်အောက်ရောက်တော့ သူဟာ ဘယ်သူ့ကိုမှမကြည့်ဘဲ အဆောင်ကို တန်းပြန်လာခဲ့ပါတယ်။ အဆောင်ရောက်မှ သူဟာ စိတ်လွတ်လပ်သလို အသက်ရှူဝသလို ခံစားလိုက်ရပါတယ်။

အဲဒီအဖြစ်အပျက်ဖြစ်ပြီးတဲ့နောက် သူ့ကို အထင်ကြီးခဲ့တဲ့ သူငယ်ချင်းတွေဟာ ဝိုင်းပြီးအပြစ်တင်ကြပါတယ်။ သူတို့မေဂျာကို သိက္ခာချသူ၊ သူတို့မြို့ကို အရှက်ခွဲသူဆိုပြီး စွပ်စွဲကြပါတယ်။ စင်ပေါ်မှာ သီချင်းမဆိုရဲသူအဖြစ် ကဲ့ရဲ့ကြပါတယ်။

သူဟာ သူငယ်ချင်းတွေရဲ့စွပ်စွဲပြောဆိုမှုကို မျက်နှာငယ်လေးနဲ့ နားထောင်ပြီး ဘာတစ်ခွန်းမှ မချေပနိုင်ခဲ့ပါဘူး။ ပြီးတော့ အဲဒီနေ့က အဖြစ်အပျက်ကို ပြန်တွေးမိတိုင်း ပိတ်လှောင်ထားတဲ့အခန်းထဲကို ရောက်သလိုမျိုး ခံစားခဲ့ရပါတယ်။

တစ်ခါတော့ သူ့အပေါ် စာနာနားလည်နိုင်စွမ်းရှိတဲ့ သူငယ်ချင်းတစ်ယောက်က ကျန်သူငယ်ချင်းတွေ မရှိတဲ့အချိန်မှာ သူ့ကို မေးပါတယ်။

''သူငယ်ချင်း…လူရွေးပွဲနေ့တုန်းက မင်း ဘယ်လိုဖြစ်တာလဲ။ မင်းဆိုမယ့်သီချင်းက ငါတို့ ညတိုင်း ဂစ်တာတီးပြီး ဆိုနေကြသီချင်း မဟုတ်လား။ မင်းအသံနဲ့လည်း အရမ်းလိုက်ဖက်တယ်လေ။ မင်း ဘာဖြစ်လို့ မဆိုခဲ့တာလဲ''

သူငယ်ချင်းရဲ့စကားကိုကြားတော့ သူဟာ သက်ပြင်းရှည်ကြီးကို ချလိုက်ပါတယ်။ ပြီးတော့ ကြေကွဲမှုများစွာနဲ့-

''ဟုတ်ပါတယ် သူငယ်ချင်း၊ အဲဒီသီချင်းဟာ ငါတို့ အကြိမ်ပေါင်းများစွာဆိုခဲ့တဲ့သီချင်းပါ။ ငါ့ရဲ့အပိုင်နိုင်ဆုံး သီချင်းတစ်ပုဒ်လည်း ဖြစ်တယ်။ ဒါပေမဲ့ ငါဟာ လူရွေးပွဲမှာ မဆိုနိုင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဘဝမှာ တစ်ခါမှ မိုက်ကိုကိုင်ပြီး လူတွေအများကြီးရှေ့မှာ သီချင်းမဆိုခဲ့ဖူးတော့ မိုက်ကိုကိုင်ပြီး ပရိသတ်ကို ကြည့်လိုက်တဲ့အချိန်မှာ ငါ အရမ်းကြောက်သွားတယ်။ ခြေဖျား၊ လက်ဖျားတွေ အေးစက်ပြီး တဆတ်ဆတ် တုန်လာတယ်။ နှလုံးတွေ အရမ်းခုန်ပြီး မောလာတယ်။ တီးလုံးသံကို ကြားနေရပေမယ့် ငါ့ပါးစပ်က ဟလို့မရခဲ့ဘူး။ သေချာတာတစ်ခုကတော့ အဲဒီအချိန်မှာ ငါ အရမ်းကြောက်နေခဲ့တယ်။ ဒါကြောင့် ငါ သီချင်းမဆိုနိုင်ခဲ့တာပဲ'' ဆိုပြီး ဖွင့်ဟဝန်ခံခဲ့ပါတယ်။

**တကယ်တော့**

**သူဟာ လူတော်တစ်ယောက်ပါ။**

**သူ့ရဲ့တော်ခြင်းတွေဟာ**
**ကြောက်ရွံ့ခြင်းတွေအောက်မှာ**
**ကျရှုံးခဲ့ရတာတော့**
**တကယ်စိတ်မကောင်းစရာပါပဲ။**

ယနေ့ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ သူ့လိုလူမျိုးတွေ အများကြီး

ရှိပါတယ်။ တစ်ခါတစ်ရံ ဘဝမှာ မလိုအပ်တဲ့ကြောက်စိတ်တွေကြောင့် အောင်မြင်မှုနဲ့ ဝေးကွာရတတ်ပါတယ်။

တစ်ခါတုန်းက ဘောလုံးကန်အရမ်းကောင်းတဲ့ သူငယ်ချင်း တစ်ယောက် ရှိဖူးပါတယ်။ သူက အပြေးလည်းသန်သလို ဘောလုံး အထိန်းအသိမ်းလည်းတော်ပါတယ်။ ကျွန်တော်တို့သူငယ်ချင်းတွေ လူခွဲ ကန်ပြီဆိုရင် သူ့ခြေထောက်ထဲ ရောက်သွားတဲ့ဘောလုံးကို လုယူဖို့ မကြိုးစားပါနဲ့။ ပြီးတော့ သူက သူ့ဆီ ဘောလုံးရောက်သွားပြီဆိုရင် တော်ရုံလူမပေးဘဲ တစ်ယောက်တည်း ပြိုင်ဘက်အသင်းသားတွေကို လိမ်ခေါက်ပြီး ဂိုးသွင်းတတ်ပါတယ်။

သူက အလိမ်အခေါက်လည်းကျွမ်းတယ်။ ဘောလုံးအထိန်း အသိမ်းလည်းတော်တယ်။ ပြေးအားလည်းသန်တယ်။ အမောလည်းခံနိုင် တယ်ဆိုတော့ ကျွန်တော်တို့သူငယ်ချင်းတွေ လူခွဲပြီး ဘောလုံးကန်ပြီဆိုရင် သူပါတဲ့အသင်းက နိုင်တာပါပဲ။

ဒါပေမဲ့ တစ်ကျောင်းနဲ့တစ်ကျောင်း ဘောလုံးချိန်းကန်ပြီဆိုရင် သူ့ကိုအားကိုးလို့ မရတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ လူ ကြောက်တဲ့စိတ်ရှိနေလို့ပါ။ သူ့ဆီကို ဘောလုံးရောက်ပြီဆိုတာနဲ့ ပြိုင်ဘက် အသင်းက ဝင်လုမယ်လို့ ဟန်ပြင်လိုက်ရုံရှိသေး သူဟာ ဘောလုံးကို နီးစပ်ရာအသင်းသားကို အမြန်ပြန်ပြီး ထိုးပေးတတ်ပါတယ်။ လိမ်ဖို့ခေါက် ဖို့မပြောနဲ့၊ ဘောလုံးကို သူ့ခြေထောက်ထဲမှာတောင် ကြာကြာမထားပါဘူး။ ပြိုင်ဘက်အသင်းက လာလုမှာကြောက်လို့ပါ။

ဒါကြောင့်လည်း သူဟာ အလိမ်အခေါက်ကျွမ်းတယ်။ ဘောလုံး အထိန်းအသိမ်းတော်တယ်။ အပြေးသန်တယ်ဆိုပေမယ့် သူ့ရဲ့လူကြောက် တတ်တဲ့စိတ်ကိုသိနေတဲ့ ကာယဆရာဟာ ကျောင်းလက်ရွေးစင်အသင်းမှာ တောင် မရွေးချယ်ခဲ့ပါဘူး။ သူဟာ တော်ပေမယ့်လည်း လူကြောက်တတ်

တဲ့စိတ်ကြောင့် အောင်မြင်မှုနဲ့ ဝေးကွာခဲ့သူပါ။ ဒါကြောင့်လည်း သူ့ကို သူငယ်ချင်းတွေက အိမ်ကြက်ဆိုပြီး နာမည်ပြောင်ပေးလိုက်ကြပါတယ်။ တကယ်လည်း သူဟာ ကိုယ့်အိမ်ထဲမှာပဲ ကိုယ်တွန်ရဲတဲ့ တိုက်ကြက် တစ်ကောင်လိုပါပဲ။

သူ့လိုလူမျိုး ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ဘယ်လောက်တောင် ရှိနေကြသလဲ။

**ကြောက်တတ်တဲ့စိတ်က**
**ကျွန်တော်တို့အားလုံးကို**
**အောင်မြင်မှုနဲ့**
**ဘယ်လောက်အထိများ**
**ဝေးကွာစေခဲ့ပြီးပြီလဲ။**

ဒါကြောင့် ဘဝမှာ အောင်မြင်ဖို့ဆိုရင် ကြောက်စိတ်ကို ဖယ်ရှား ရပါမယ်။ စွန့်စားသင့်တာကို စွန့်စားရပါမယ်။ ရင်းနှီးသင့်တာကို ရင်းနှီး ရပါမယ်။ ရဲဝံ့သင့်တာကို ရဲဝံ့ရပါမယ်။

**မအောင်မြင်မှာ မကြောက်ပါနဲ့။**
**ဆုံးရှုံးသွားမှာ မကြောက်ပါနဲ့။**

အဲဒီလိုမှမဟုတ်ဘဲ ကြောက်စိတ်တွေနဲ့ ဘဝကို ရှင်သန်နေမယ် ဆိုရင် ကျွန်တော်တို့ဟာ ဘယ်လောက်ပဲတော်တော် ကျရှုံးခြင်းတွေနဲ့ပဲ နိဂုံးချုပ်ရမှာ ဖြစ်ပါတယ်။



လူဆိုတာ

နေရာတစ်နေရာမှာတော့

တော်ချင်တော်မယ်။

ဒါပေမဲ့

နေရာအားလုံးမှာတော့

လုံးဝ မတော်နိုင်ဘူး။

ဒါကြောင့်

ဘဝမှာ

အောင်မြင်မှုများစွာကို

ပိုင်ဆိုင်ချင်တယ်ဆိုရင်

တော်တဲ့နေရာမှာပဲနေပါ။

သံစဉ်သစ်

# စာအိတ်သုံးအိတ် ပုံပြင်

**ဘဝမှာ ပုံပျက်ပန်းပျက်နဲ့**
**လဲကျသွားရင်တောင်**
**ငါ့မှာ ပြန်ထဖို့**
**အခွင့်အရေးရှိသေးတယ်ဆိုတဲ့**
**သန်မာခြင်းတွေနဲ့ ဆက်လက်ရှင်သန်ပါ။**

ကျွန်တော်တို့ဟာ ဘယ်လိုကိစ္စ၊ ဘယ်လိုအကြောင်းအရာအပေါ်မှာပဲဖြစ်ဖြစ် ရည်မှန်းထားတဲ့အတိုင်း၊ တွေးထင်ထားတဲ့အတိုင်း ဖြစ်မလာခဲ့ရင် အလွယ်တကူပဲ စိတ်ပျက်တတ်ကြပါတယ်။

ပြီးတော့ ကိစ္စတစ်ခုဟာ ကျွန်တော်တို့မျှော်မှန်းထားသလိုဖြစ်မလာခဲ့ရင် နောက်ထပ်တစ်ကြိမ် ထပ်လုပ်ဖို့အတွက် ဝန်လေးနေတတ်ပါတယ်။ နောက်ထပ် အသစ်အသစ်သော အကြောင်းအရာတွေကိုလည်း လုပ်ချင်ကိုင်ချင်စိတ်မရှိတော့ပါဘူး။ နောက်ဆုံးတော့ ကြိုးစားခြင်းများစွာနဲ့ စခဲ့ရတဲ့ဘဝတွေမှာ တွန့်ဆုတ်မှု၊ အဆင်မပြေမှုများစွာတွေနဲ့ ဘာမှမလုပ်ချင်၊ မကိုင်ချင်ဖြစ်ပြီး ဘဝကို နိဂုံးချုပ်သွားတတ်ပါတယ်။

တစ်ခါတုန်းက မြို့ကြီးတစ်မြို့မှာ အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦး ရှိပါတယ်။ အဲဒီသူဌေးကြီးဟာ ပစ္စည်းဥစ္စာကြွယ်ဝ ချမ်းသာသလောက် ဉာဏ်ပညာလည်း ကြီးမားပါတယ်။ တစ်နေ့မှာတော့ သူဌေးကြီးဟာ အရွယ်ရောက်နေပြီဖြစ်တဲ့ သူ့ရဲ့သားကိုခေါ်ပြီး-

"ငါ့သား…မင်းလည်း အရွယ်ရောက်နေပြီဖြစ်တယ်။ တစ်နေ့ကျရင် ကိုယ့်ဘဝကိုယ် တည်ဆောက်ပြီး ကိုယ့်အားကိုယ်ကိုးရတော့မယ်။ ဒါကြောင့် ငါ့သားအနေနဲ့ အဖေ သင်ပေးထားတဲ့အရောင်းအဝယ်ပညာတွေကို အသုံးချပြီး တစ်နယ်တစ်ကျေးမှာ စီးပွားသွားရှာပါ။ ဒီလို ငါ့သားကို တစ်နယ်တစ်ကျေး လွှတ်ရတာဟာ ဗဟုသုတအတွေ့အကြုံရစေချင်တာရယ်၊ ကိုယ့်အားကိုယ်ကိုးစေချင်တာရယ်ကြောင့် ဖြစ်တယ်။ ဒီတော့ ငါ့သားကို အဖေက ငွေဒင်္ဂါးတစ်အိတ်နဲ့ စာအိတ်သုံးအိတ် ပေးလိုက်မယ်။ ငွေဒင်္ဂါးတွေက ငါ့သား စီးပွားရှာတဲ့နေရာမှာ အရင်းအနှီးအနေနဲ့ အသုံးပြုဖို့ပါ။ စာအိတ်သုံးအိတ်ကတော့ ငါ့သား ဒုက္ခရောက်ချိန် အခက်အခဲရှိချိန်၊ စိတ်ဓာတ်ခွန်အားတွေ ပျက်စီးနေတဲ့အချိန်မှာ ဖတ်ဖို့ပါ" လို့ ပြောလိုက်ပါတယ်။ ဒီတော့ သူဌေးသားလည်း-

"ကောင်းပါပြီ အဖေ၊ သား ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားပါ့မယ်" ဆိုပြီး ပြန်ပြောလိုက်ပါတယ်။

အဲဒီနောက် သူဌေးကြီးဟာ သားဖြစ်သူကို ငွေဒင်္ဂါးတစ်အိတ်နဲ့ စာအိတ်သုံးအိတ်ပေးကာ သုံးနှစ်ပြည့်တဲ့အခါ အိမ်ကိုပြန်လာဖို့ မှာလိုက်ပါတယ်။ စာအိတ်မှာတော့ တစ်၊ နှစ်၊ သုံးဆိုပြီး နံပါတ်ရေးထားပါတယ်။ အဲဒီလိုနဲ့ နောက်တစ်နေ့ကိုရောက်တဲ့အခါမှာတော့ သူဌေးသားဟာ ဖခင် သူဌေးကြီးပေးလိုက်တဲ့ ငွေဒင်္ဂါးအိတ်နဲ့ စာအိတ်သုံးအိတ်ကိုယူကာ မြင်းကိုစီးပြီး တစ်နယ်တစ်ကျေးကို ထွက်လာခဲ့ပါတယ်။

သူဌေးသားဟာ တစ်ခါမှ ဒီလိုတစ်ယောက်တည်း ခွန့်ခွန့်စားစား

ခရီးမထွက်ဖူးပါဘူး။ ဒါကြောင့် ခရီးထွက်လာစမှာ အားငယ်သလို၊ ဝမ်းနည်းသလို ဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့ သူဟာ စိတ်ကိုတင်းပြီး ခရီးဆက်လာခဲ့ပါတယ်။ အခုအချိန်မှာ သူ့အတွက် အားကိုးစရာဆိုလို့ သူကိုယ်တိုင်ပဲ ရှိနေပါတယ်။

ဒီလိုနဲ့ သူဌေးသားဟာ ခရီးထွက်လာခဲ့ရာ မြို့တစ်မြို့အနီးက တောအုပ်တစ်အုပ်မှာနားကို ရောက်လာခဲ့ပါတယ်။ သူဟာ တောအုပ်အစပ်ကိုရောက်တဲ့အခါမှာတော့ တောအုပ်ဘေးနားကနေပတ်ပြီး ဖောက်ထားတဲ့လမ်းနဲ့ တောအုပ်ထဲကိုဝင်တဲ့လမ်းဆိုပြီး လမ်းနှစ်လမ်းကို တွေ့လိုက်ရပါတယ်။ ဒါကြောင့် သူဌေးသားဟာ ဘယ်လမ်းကသွားရင်ကောင်းမလဲဆိုတာ စဉ်းစားလိုက်ပါတယ်။

**လူဆိုတာ ခက်ခဲတဲ့အရာတွေထက်**
**လွယ်တဲ့အရာကို ပိုကြိုက်ကြပါတယ်။**

**ကြာကြာသွားရမယ့်ခရီးထက်စာရင်**
**မြန်မြန်ရောက်မယ့်ခရီးကို သဘောကျတတ်ပါတယ်။**

**လမ်းကောင်းနဲ့လမ်းဆိုးဆိုရင်လည်း**
**လမ်းကောင်းကိုပဲ ရွေးချယ်ကြပါတယ်။**

အခုလည်း သူဌေးသားဟာ တောအုပ်ကိုပတ်ပြီး ဖောက်ထားတဲ့လမ်းကသွားရင်ကြာမယ်။ တောအုပ်ထဲကိုဝင်တဲ့လမ်းအတိုင်းသွားရင်မြန်မယ်ဆိုပြီး တွေးတောကာ မြို့ကို အမြန်ရောက်ချင်ဇောနဲ့ တောထဲကိုဝင်တဲ့လမ်းအတိုင်း မြင်းကို စီးလာခဲ့ပါတယ်။

အမှန်တော့ အဲဒီတောအုပ်ထဲကိုဝင်တဲ့လမ်းဟာ ကောင်းမွန်ပြီးသာသာယာယာရှိပေမယ့် ဘယ်သူမှ တစ်ယောက်တည်း တောထဲကို

ဖြတ်သန်းမသွားကြပါဘူး။ တကယ်လို့ မတတ်သာလို့သွားရင်တောင် အစုအဖွဲ့နဲ့ သွားကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတောအုပ်ထဲမှာ ဓားပြအဖွဲ့ဟာ ခိုအောင်းပြီး သောင်းကျန်းနေလို့ပါပဲ။ မြို့တော်ဝန်ဟာ ဓားပြအဖွဲ့ကိုဖမ်းဖို့ အကြိမ်ကြိမ်ကြိုးစားပေမယ့် သူတို့ဟာ ရပ်ဖျက်ပြီး ဓားပြတိုက်တာကတစ်ကြောင်း၊ အရှောင်အတိမ်းကောင်းတာကတစ်ကြောင်း ဓားပြတွေကိုဖမ်းလို့ မမိခဲ့ပါဘူး။

ဒီအကြောင်းကိုမသိတဲ့ သူဌေးသားဟာ မြင်းကြီးကိုစီးပြီး တောအုပ်ထဲကို ဝင်လာခဲ့ပါတယ်။ ဒီလိုနဲ့ သူဌေးသားဟာ သာယာတဲ့သဘာဝရဲ့ အရသာကို ခံစားရင်းလာခဲ့ရာ တောအုပ်ရဲ့အလယ်ကိုရောက်တဲ့အခါ မှာတော့ မျက်နှာဖုံးတွေစွပ်ပြီး တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကို ဝတ်ထားတဲ့ လူ (၁၀)ယောက်လောက်ဟာ ဓားတွေကိုင်ကာ သူ့ရှေ့မှာ ပေါ်လာပါတယ်။ ဒါကြောင့် သူဌေးသားလည်း ကြောက်ကြောက်လန့်လန့် နဲ့ မြင်းကို ရပ်တန့်လိုက်ပါတယ်။ အဲဒီအခါမှာတော့ ဓားပြတွေဟာ သူ့ကိုဝိုင်းထားကာ ဓားလွတ်တွေနဲ့ ချိန်ရွယ်ထားလိုက်ပါတယ်။

ပြီးတော့ ဓားပြခေါင်းဆောင်ဟာ သူဌေးသားကို မြင်းပေါ်ကနေ ဆင်းခိုင်းပြီး မြေကြီးပေါ်မှာ ဆောင့်ကြောင့်ထိုင်ခိုင်းလိုက်ပါတယ်။ သူဌေး သားဟာ သူ့ဘဝမှာ ပထမဆုံးအတွေ့အကြုံဖြစ်တာကြောင့် သွေးပျက်နေ ခဲ့ပါတယ်။ ဒါကြောင့် မြေကြီးပေါ်မှာ ဆောင့်ကြောင့်ထိုင်နေတဲ့ သူ့ခန္ဓာ ကိုယ်ဟာ တဆတ်ဆတ် တုန်နေပါတယ်။ သူဌေးသား ကြောက်နေမှန်း သိတဲ့အခါမှာတော့ ဓားပြခေါင်းဆောင်ဟာ လေသံမာမာနဲ့-

"အသက်မသေချင်ရင် ပါတာအကုန်ပေးစမ်း…ဖွက်မထားနဲ့နော်၊ ငါတို့ ရှာလို့တွေ့ရင် မင်းကို သတ်ပစ်မယ်။ ဒီတောထဲမှာ မင်းကို သတ်ပြီး မြေမြှုပ်ပစ်လို့ ဘယ်သူမှသိမှာ မဟုတ်ဘူး" ဆိုပြီး ခြိမ်းခြောက် ပြောဆိုလိုက်ပါတယ်။ ဓားပြခေါင်းဆောင်ရဲ့စကားကို ကြားတဲ့အခါမှာ

တော့ နဂိုက အတွေ့အကြုံမရှိလို့ သွေးပျက်နေတဲ့ သူဌေးသားဟာ တုန်တုန်ယင်ယင်နဲ့-

"ဟုတ်...ဟုတ်ကဲ့ပါ၊ ကျွန်တော့်မှာ အဖေ စီးပွားရှာဖို့ပေးလိုက်တဲ့ ငွေဒင်္ဂါးတစ်အိတ် ပါပါတယ်။ ယူ...ယူပါခင်ဗျာ" လို့ပြောကာ မြင်းမှာ ချိတ်ဆွဲထားတဲ့ ငွေဒင်္ဂါးအိတ်ကို လက်ညှိုးထိုးပြလိုက်ပါတယ်။ ဓားပြခေါင်းဆောင်ဟာ ငွေဒင်္ဂါးအိတ်ကိုလှမ်းယူပြီးတဲ့အခါမှာတော့-

"မင်းမျက်နှာကြည့်ရတာ မလိမ်တတ်ဘူးဆိုတာ ငါ သိတယ်။ ပြီးတော့ အခုလို အမှန်အတိုင်းပြောတဲ့အတွက် မင်းအသက်ကို ချမ်းသာပေးလိုက်မယ်။ ဒါပေမဲ့ မင်းစီးလာတဲ့ မြင်းကြီးက အရမ်းကောင်းတဲ့အတွက် ငါတို့ ယူသွားမယ်" လို့ဆိုကာ ငွေဒင်္ဂါးအိတ်နဲ့အတူ မြင်းကြီးကို ယူကာ ထွက်သွားကြပါတယ်။

ဓားပြတွေ အဝေးကိုရောက်သွားတဲ့အခါမှာတော့ သူဌေးသားဟာ စိတ်ပျက်ဝမ်းနည်းစွာနဲ့ သစ်ပင်တစ်ပင်ရဲ့အရိပ်မှာထိုင်ကာ-

"ဒုက္ခပါပဲ၊ စီးပွားရှာဖို့ အဖေ ပေးလိုက်တဲ့ငွေဒင်္ဂါးအိတ်ပါသွားပြီ။ စီးစရာမြင်းလည်း မရှိတော့ဘူး။ ငါ ဘာဆက်လုပ်ရမလဲ။ အခုနေ ငါ အိမ်ပြန်ရင် အဖေက ဆူလိမ့်မယ်။ တကယ်လို့ မဆူရင်တောင် ငါ့ကို အထင်သေးမှာ။ ဒါကြောင့် ငါ အိမ်မပြန်ဘူး။ အင်း...အိမ်မပြန်ဘူးဆိုရင် ငါ ဘာလုပ်မလဲ" ဆိုပြီး ညည်းတွားရေရွတ်နေပါတယ်။

အဲဒီနောက် သူဌေးသားဟာ စိတ်ပျက်လက်ပျက်နဲ့ ညည်းတွားရေရွတ်ရင်း ဖခင်သူဌေးကြီးးပေးလိုက်တဲ့ စာအိတ်သုံးအိတ်ကို သတိရလိုက်ပါတယ်။ ဒါကြောင့် ရင်ဘတ်ထဲကနေ စာအိတ်သုံးအိတ်ကို ဆွဲထုတ်ပြီး 'တစ်'လို့ရေးထားတဲ့စာအိတ်ကို ဖွင့်ဖတ်လိုက်ပါတယ်။

**"ငါ့သား...ဒုက္ခအခက်အခဲတွေနဲ့ ကြုံတွေ့နေပြီလား။ ငါ့သားဟာ လူတော်တစ်ယောက်ပါ။ ငါ့သားမှာ စွမ်းအားတွေ အများကြီးရှိပါ**

**သေးတယ်။ ကြိုးစားပါ။ ဘာအတွက်ကြောင့်နဲ့မှ ကိုယ့်ကိုယ်ကိုယ် စိတ်မပျက်ပါစေနဲ့"**

သူဌေးသားဟာ သူ့ဖခင်သူဌေးကြီး ရေးပေးလိုက်တဲ့စာကိုဖတ်ပြီးတဲ့အခါမှာတော့ တစ်ချက်တွေဝေသွားပါတယ်။ ပြီးတော့ စာကို ထပ်ဖတ်ပြီး စဉ်းစားလိုက်ပြန်ပါတယ်။ အဲဒီလို စာဖတ်လိုက်၊ စဉ်းစားလိုက်၊ စာဖတ်လိုက်၊ စဉ်းစားလိုက်လုပ်နေရင်းနဲ့ သူ့စိတ်ထဲမှာ အားအင်တွေ တိုးပွားလာပါတယ်။ ဒါကြောင့် နေရာကနေ ဆတ်ခနဲထပြီး-

"ဟုတ်တယ်၊ ငါဟာ လူတော်တစ်ယောက် ဖြစ်တယ်။ ငါ့မှာ လူတော်တစ်ယောက်ရဲ့စွမ်းအားတွေ ရှိတယ်။ ငါဟာ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်နေရမှာလဲ။ ဆုံးရှုံးသွားတဲ့ငွေတွေကို ပြန်ရအောင်ကြိုးစားဖို့အတွက် ငါ ဘဝကို စိတ်ပျက်နေလို့ မရဘူး" လို့ဆိုကာ တောအုပ်ထဲကနေ လမ်းလျှောက်ထွက်လာခဲ့ပါတယ်။

ဒီလိုနဲ့ သူဟာ တောအုပ်အပြင်ဘက်ကိုရောက်တဲ့အခါမှာတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ တိုးပွားလာပါတယ်။ ပန်းဝင်ခဲ့တဲ့ အပြေးသမားလို သူ့စိတ်တွေဟာ မြူးကြွနေပါတယ်။

သူ့ဘဝမှာ ဒီလောက်အကွာအဝေးကြီးကို ခြေကျင်လျှောက်ဖူးတာဆိုလို့ ဒီတစ်ခါပဲ ရှိပါသေးတယ်။ တစ်ခါမှလည်း ဒီလိုခရီးအကွာအဝေးကို ခြေကျင်လျှောက်ရမယ်လို့ တွေးထင်မထားခဲ့ပါဘူး။

ဖခင်ဖြစ်သူ သူဌေးကြီးရဲ့အရိပ်အာဝါသအောက်မှာ သူဟာ မပူမပင်၊ မကြောင့်မကြ၊ ချမ်းချမ်းသာသာ နေလာခဲ့သူမို့ မရှိတာကို သူမသိ၊ ဆင်းရဲတာကို သူ မသိခဲ့ပါဘူး။ အရာရာကို ဖခင်ဖြစ်သူအရှိန်အဝါနဲ့ နေလာခဲ့တာကြောင့် လိုချင်တာမှန်သမျှ ရခဲ့ပါတယ်။

ဒါကြောင့် အခုလို ကိုယ့်အားကိုယ်ကိုးပြီး အောင်မြင်မှုအရသာကို ခံစားလိုက်ရတဲ့အခါမှာတော့ သူ့စိတ်ထဲမှာ ပီတိတွေနဲ့ ကြည်နူးနေခဲ့ပါ

တယ်။ အဲဒီနောက် သူဖြတ်ကျော်လာခဲ့တဲ့ တောအုပ်ကြီးကို တစ်ချက် ပြန်ကြည့်ပြီး မြို့ကြီးဆီကို ထွက်လာခဲ့ပါတယ်။

**လောကမှာ**
**အောင်မြင်မှုကို ရှာဖွေနေတဲ့**
**လူတိုင်းဟာ**
**ဒုက္ခအခက်အခဲတွေနဲ့**
**တွေ့ကြုံတတ်ရပါတယ်။**

**အဲဒီတွေ့ကြုံလာတဲ့**
**ဒုက္ခအခက်အခဲပေါင်းစုံကို**
**ရင်ဆိုင်ဖြတ်ကျော်နိုင်မှသာ**
**ထိုက်တန်တဲ့အောင်မြင်မှုကို**
**ရရှိခံစားနိုင်မှာ ဖြစ်ပါတယ်။**

အခုလည်း သူဌေးသားဟာ အောင်မြင်မှုတွေကို ရှာဖွေဖို့ထွက်လာ ရင်း ဒုက္ခအခက်အခဲတွေနဲ့ တွေ့ကြုံခဲ့ရပါပြီ။

**သူဟာ ဒုက္ခအခက်အခဲတွေကို**
**ဘယ်လိုဖြတ်ကျော်မလဲ။**
**ဘယ်လိုအားအင်တွေနဲ့**
**သူ့ဘဝကို**
**ပြန်တည်ဆောက်မလဲ။**

အခုအချိန်မှာ သူဌေးသားမှာ ငွေဆိုတာ တစ်ပြားမှမရှိသလို စားစရာဆိုတာကလည်း နတ္ထိပါပဲ။ သူဟာ အစာမစားရတာ အချိန်အတော် ကြာလာတာကြောင့် ဆာလောင်မွတ်သိပ်လာပါတယ်။ ဒါကြောင့် ဇရပ်

တစ်ခုမှာရှိတဲ့ ရေအိုးစင်ကရေကို ခပ်သောက်လိုက်ပြီး အမောဖြေလိုက်ပါတယ်။

ခဏကြာတော့ သူ ဘာဆက်လုပ်ရမလဲဆိုတာ စဉ်းစားလိုက်ပါတယ်။ အဲဒီနောက် "ပထမဆုံး စားဝတ်နေရေးအတွက် အလုပ်တစ်ခုခု လုပ်မှရတော့မယ်" ဆိုတဲ့အတွေး ဝင်လာပါတယ်။ ဒါကြောင့် သူဟာ ဆာလောင်မှုကို မျိုသိပ်ပြီး မြို့ထဲမှာ အလုပ်တစ်ခုခုရှာခဲ့ပါတယ်။ ဒါပေမဲ့ တစ်မြို့လုံးနီးပါးသာကုန်သွားတယ်။ သူ့အတွက် အလုပ်တစ်ခုတောင် အဆင်မပြေခဲ့ပါဘူး။

နောက်ဆုံးမှာတော့ သူဟာ အလုပ်ရှာရင်း မြို့ပြင်မှာရှိတဲ့ ဥယျာဉ်ခြံတစ်ခြံကို ရောက်သွားပါတယ်။ သူဟာ ခြံထဲမှာ စိုက်ပျိုးထားတဲ့ သီးပင်စားပင်တွေကိုကြည့်ရင်း ခြံပေါက်ဝကိုရောက်တဲ့အခါမှာတော့-

"လူလိုလားခင်ဗျာ…ကျွန်တော် အလုပ်လုပ်ချင်လို့ပါ" ဆိုပြီး အော်ပြောလိုက်ပါတယ်။

သူ့ငွေးသားရဲ့အော်သံကိုကြားတဲ့အခါမှာတော့ ခြံထဲကနေ ဦးလေးကြီးတစ်ယောက် ထွက်လာပါတယ်။ ပြီးတော့ သူ့ကို ခြေဆုံးခေါင်းဆုံး သေချာကြည့်ကာ-

"ငါ့ခြံထဲမှာတော့ လူလိုတယ်ကွ။ ဒါပေမဲ့ မင်းလို နုဖပ်နေတဲ့ လူမျိုးနဲ့ ငါ့အလုပ်မဖြစ်ပါဘူးကွာ"

လို့ဆိုကာ ခြံထဲကို ပြန်ဝင်လိုက်ပါတယ်။ အဲဒီအခါမှာ သူငွေးသားဟာ ဦးလေးကြီးလက်ကို အတင်းလိုက်ဆွဲပြီး-

"ကျွန်တော့်ကို အလုပ်တစ်ခုခုပေးပါခင်ဗျာ… ကျွန်တော့်မှာ စားဝတ်နေရေးအတွက် အလုပ်တစ်ခု လိုအပ်နေလို့ပါ။ ဦးလေး ခိုင်းတဲ့အတိုင်း ကျွန်တော် တာဝန်ကျေအောင်လုပ်ပါ့မယ်"

ဆိုပြီး တောင်းပန်တိုးလျှိုးတဲ့လေသံနဲ့ ပြောလိုက်ပါတယ်။ ဒီ

စကားကို ကြားတဲ့အခါမှာတော့ ဦးလေးကြီးက သူဌေးသားကို သေချာ ထပ်ကြည့်ပြီး-

"မင်းပုံစံက လူကောင်းတစ်ယောက်ပုံစံပါပဲ။ အလုပ်ကြမ်း မလုပ်နိုင်ပေမယ့် အလုပ်တကယ် လုပ်ချင်ပုံရတယ်။ ငါက ဒီမှာ တစ်ယောက်တည်းနေတာ။ ဒီခြံလုပ်ငန်းကို ငါတစ်ယောက်တည်းလုပ်တာ၊ တကယ်လို့ မင်း ဒီမှာနေပြီး အလုပ်လုပ်မယ်ဆိုရင် လုပ်လို့ရတယ်။ ဒါပေမဲ့ အခုလောလောဆယ် မင်းကို ငါ လုပ်အားခမပေးနိုင်ဘူး။ တစ်လ တိတိ မင်း အလကားလုပ်ပေးရမယ်။ တစ်လပြည့်တော့မှ မင်းရဲ့လုပ်နိုင် တဲ့အပေါ်မှာမူတည်ပြီး ငါ လုပ်အားခသတ်မှတ်ပေးမယ်။ စားတာနေတာ ကတော့ ငါ့တာဝန်ထားပေါ့ကွာ" လို့ ပြောလိုက်ပါတယ်။

ခြံရှင်ဦးလေးကြီးပြောတဲ့စကားကို ကြားတဲ့အခါမှာတော့ သူဌေး သားဟာ အလွန်ဝမ်းသာသွားပါတယ်။ အခုလောလောဆယ် သူ့အတွက် လိုအပ်နေတာ စားဖို့ရယ်၊ နေဖို့ရယ်မဟုတ်ပါလား။ ဒါကြောင့် သူဌေး သားက-

"ဟုတ်ကဲ့ ဦးလေးပြောတာကို ကျွန်တော် သဘာတူပါတယ်။ ကျွန်တော့်ကို အလုပ်စမ်းခိုင်းကြည့်ပါ။ ကြိုးစားပြီး လုပ်ပါ့မယ်" ဆိုပြီး ကတိပေးလိုက်ပါတယ်။

သူဌေးသားရဲ့စကားကိုကြားတဲ့အခါမှာတော့ ခြံရှင်ဦးလေးကြီးက "ဒါဆိုလည်း ကောင်းပြီလေ၊ ငါ့နောက် လိုက်ခဲ့ပါ" လို့ပြော ကာ ခြံထဲကို ခေါ်သွားလိုက်ပါတယ်။ အဲဒီနောက် ခြံရှင်ဦးလေးကြီးက သူဌေးသားကို တဲလေးတစ်တဲမှာ နေရာပေးပြီး အစားအသောက်များကို ကျွေးမွေးလိုက်ပါတယ်။

အခုချိန်မှာ ခြံပိုင်ရှင်ဦးလေးကြီးကျွေးတဲ့ အစားအစာဟာ အညံ့ စား အစားအစာတွေဖြစ်နေပေမယ့် သူဌေးသားအတွက်တော့ အလွန်ပဲ

စားလို့ကောင်းနေခဲ့ပါတယ်။ သူဟာ မိဘအိမ်မှာ အကောင်းဆုံးဆိုတဲ့ အစားအစာချည်းပဲ စားသောက်လာတာကြောင့် သာမန်အချိန်ဆိုရင် ဒီလို အစားအစာမျိုးကို လှည့်တောင်ကြည့်မှာမဟုတ်ပေ။ အခုတော့ ဆာလောင် မွတ်သိပ်လွန်းတာကြောင့် စားလို့အလွန်ကောင်းခဲ့ပါတယ်။

**လူတစ်ယောက်ဟာ**
**မတည်မြဲတဲ့ လောကကြီးမှာ**
**ရှင်သန်နေထိုင်ရတာကြောင့်**
**ဘယ်အရာကိုမှ ပုံသေကားချပ်**
**သတ်မှတ်ထားလို့ မရပါဘူး။**
**ရောက်တဲ့နေရာမှာ နေတတ်ရပါမယ်။**
**ရှိတာလေးနဲ့ စားတတ်ရပါတယ်။**
**ဖြစ်တည်နေတဲ့ ဘဝတစ်ခုအပေါ်မှာ**
**စိတ်ဓာတ်မကျရပါဘူး။**

သူဌေးသားဟာ နောက်တစ်နေ့ရောက်တဲ့အခါမှာတော့ သူ့ဘဝကို သူမေ့ထားပြီး ခြံရှင်ဦးလေးကြီးနဲ့အတူ ပေါက်တူးကိုင်ကာ ခြံလုပ်ငန်းကို စတင်လုပ်ပါတော့တယ်။ ဒါပေမဲ့ သူဟာ ကြာကြာမလုပ်နိုင်ခဲ့ပါဘူး။ သူ့ဘဝမှာ အခုလို ကြမ်းကြမ်းတမ်းတမ်း မလုပ်ဘူးတာကြောင့် ခဏပဲ လုပ်ရသေးတယ်။ ချွေးတွေတအားထွက်ပြီး မောပန်းနွမ်းနယ်လာပါတယ်။

ခြံရှင်ဦးလေးကြီးကတော့ ပေါက်တူးကို တစ်ချက်ချင်းပေါက် ပြီး သစ်ပင်စိုက်ဖို့ ဘောင်တွေကို တင်နေပါတယ်။ သူဌေးသားဘက်ကို တစ်ချက်ကလေးတောင်မှ လှည့်မကြည့်ပါဘူး။ သူ့အလုပ်ကိုပဲ အာရုံစိုက် ပြီး လုပ်နေပါတယ်။

**သူဌေးသားဟာ**
**ဘဝရှင်သန်ရေးအတွက်**

**အလုပ်တစ်ခုလုပ်မှ**
**ဖြစ်မယ်ဆိုတဲ့စိတ်နဲ့**
**ခြံလုပ်ငန်းကိုလုပ်နေပေမယ့်**
**ပေါက်တူးလည်း မပေါက်တတ်၊**
**ဘောင်လည်းမတင်တတ်တာကြောင့်**
**အတော်လေးကို အခက်အခဲ**
**ဖြစ်နေပါတယ်။**

ဒါပေမဲ့ သူဌေးသားဟာ အလုပ်ကို အတတ်နိုင်ဆုံး ကြိုးစားပြီး လုပ်နေပါတယ်။ သူဟာ မောရင်နားလိုက်၊ ခြံရှင်ဦးလေးကြီးလုပ်တာကို အတုယူပြီးလုပ်လိုက်နဲ့ ကြိုးကြိုးစားစား လုပ်ခဲ့ပါတယ်။ ဘယ်လိုပဲလုပ်လုပ်ပါ၊ တစ်ခါမှ မလုပ်ဖူးတာကြောင့် အလုပ်လုပ်ချိန်ထက် နားတဲ့အချိန်က ပိုများခဲ့ပါတယ်။ အဲဒီမှာ ထူးဆန်းတာတစ်ခုက ခြံရှင်ဦးလေးကြီးဟာ အလုပ်နဲ့ပတ်သက်ပြီး တစ်ခွန်းမှမပြောခဲ့ပါဘူး။ ဆရာလုပ်ခြင်း မရှိခဲ့ပါဘူး။ ဒီလိုနဲ့ သူဌေးသားရဲ့ပထမဆုံးနေ့ဟာ ပင်ပန်းကြီးစွာနဲ့ ကုန်ဆုံးသွားခဲ့ပါတယ်။

ညဘက်ရောက်တဲ့အခါမှာတော့ သူဌေးသားဟာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲမှုတွေကြောင့် အိပ်လို့မရခဲ့ပါဘူး။ လက်တွေကလည်း အရည်ကြည်ဖုတွေပေါက်ပြီး တဆစ်ဆစ်နဲ့ ကိုက်နေပါတယ်။ ဒါကြောင့် ဟိုတွေးဒီတွေးနဲ့ သူ့ဖခင်သူဌေးကြီး ပေးလိုက်တဲ့စာအိတ်ကို သတိရလိုက်ပါတယ်။ အဲဒီနောက် စာအိတ်ကိုထုတ်ပြီး 'နှစ်'လို့ရေးထားတဲ့စာအိတ်ကို ဖွင့်ဖတ်လိုက်ပါတယ်။

**"ငါ့သား...ဘယ်လိုပြဿနာပဲကြုံကြုံ၊ ဘယ်လိုအခက်အခဲပဲရှိရှိ ငါ့သား ဖြေရှင်းနိုင်တယ်။ ကျော်လွှားနိုင်တယ်ဆိုတာ ကိုယ့်ကိုယ်**

**ကိုယ် ယုံကြည်ထားပါ။ လုံးဝ စိတ်မပျက်ပါနဲ့။ ဒုက္ခဆိုတာ သုခတွေရဲ့ မျိုးစေ့ဖြစ်တာကြောင့် ငါ့သား ဘယ်လိုဒုက္ခမျိုးကိုမှ မကြောက်ပါနဲ့။"**

သူဌေးသားဟာ စာဖတ်ပြီး စဉ်းစားတွေးတောလိုက်ပါတယ်။ အဲဒီလိုစဉ်းစားရင်းနဲ့ပဲ သူဌေးသားဟာ ဖခင်ပြောချင်တဲ့အဓိပ္ပာယ်ကို လေးလေးနက်နက် သိမြင်ခံစားလာခဲ့ပါတယ်။

**လူဆိုတာ**
**အဆင်မပြေမှုတွေနဲ့**
**တွေ့ကြုံရင်ဆိုင်ရရင်**
**စိတ်ပျက်တတ်ကြပါတယ်။**

**ဒါကြောင့်**
**ဘဝမှာ အောင်မြင်မှုတွေကို**
**ပိုင်ဆိုင်ချင်တယ်ဆိုရင်**
**ဘယ်လိုအခြေအနေ**
**ဘယ်လိုအခက်အခဲ**
**ဘယ်လိုအကြောင်းအရာတွေနဲ့ပဲ**
**ကြုံတွေ့နေရပါစေ**
**ကိုယ့်ကိုယ်ကိုယ်**
**စိတ်မပျက်အောင်**
**နေထိုင်ရပါမယ်။**

**အခက်အခဲမှန်သမျှကို**
**ဖြတ်ကျော်ရပါမယ်။**
**ပြဿနာမှန်သမျှကို**
**ဖြေရှင်းရပါမယ်။**

**ကိုယ့်ကိုယ်ကိုယ်**
**စိတ်ပျက်ခြင်းဟာ**
**အောင်မြင်မှုနဲ့**
**ဝေးကွာစေတယ်ဆိုတာ**
**မှတ်ထားရပါမယ်။**

ဒီလိုနဲ့ သူဌေးသားဟာ နံပါတ်(၂)စာကို ဖတ်ပြီးတဲ့အချိန်မှာ နာကျင်ကိုက်ခဲမှုတွေကို မေ့ပျောက်ကာ အိပ်ပျော်ဖို့ ကြိုးစားလိုက်ပါတယ်။ သူ့ရဲ့အတွေးထဲမှာတော့ "ငါ ဘာမဆိုလုပ်နိုင်တယ်" ဆိုတဲ့ယုံကြည်ချက်တွေက ကြီးစိုးနေခဲ့ပါတယ်။

အဲဒီနောက် သူဌေးသားဟာ စိတ်ပျက်ခြင်းဆိုတဲ့ ခံစားချက်တွေကို ရင်ထဲကနေ ခါထုတ်ပြီး လုပ်နိုင်တဲ့စွမ်းအားရှိသလောက် မခိုမကပ်ဘဲ ကြိုးစားပြီးလုပ်လာခဲ့ပါတယ်။ (၁၅)ရက်လောက်ကြာတော့ သူဌေးသားဟာ ရောက်ခါစထက် အလုပ်တွေအများကြီး ပိုလုပ်နိုင်သလို ပိုပြီးလည်း အပင်ပန်းခံနိုင်လာပါတယ်။ ပေါက်တူးကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ပေါက်လာနိုင်ပြီး စိုက်ပျိုးဖို့ဘောင်တွေကိုလည်း ညီညီညာညာဖြစ်အောင် တင်လာနိုင်ပါတယ်။

ပြီးတော့ သူ့ရဲ့အသားအရည်ကလည်း ရောက်ခါစအသားအရည်လို ဝင်းပပမဟုတ်တော့ဘဲ နေဒဏ်၊ လေဒဏ်တွေကြောင့် ညိုလာပါတယ်။ သူ့ရဲ့လက်ဖဝါးတွေဟာ ပေါက်တူးကိုင်တာများတာကြောင့် မာကျောပြီး အသားမာတွေတောင် တက်လာပါတယ်။

အခုအချိန်မှာ သူဟာ ခန္ဓာကိုယ်တောင့်တင်းမာကျောသလို စိတ်ဓာတ်တွေကလည်း မာကျောလာပါတယ်။ ဘယ်လိုအကြောင်းနဲ့မှ သူဟာ စိတ်ပျက်တတ်တဲ့အကျင့်ကို မမွေးမြူတော့ဘဲ လက်ရှိဘဝကိုပဲ

အကောင်းဆုံးနေထိုင်နိုင်အောင် ကြိုးစားခဲ့ပါတယ်။ ဒီလိုနဲ့ သူဌေးသားဟာ တစ်လပြည့်ခါနီးအချိန်မှာတော့ ခြံရှင်ဦးလေးနဲ့ တန်းတူနီးပါး အလုပ်လုပ်နိုင်တဲ့အထိ ကြံ့ခိုင်သန်စွမ်းလာပါတယ်။ အလုပ်ကို မမောမပန်းဘဲ တွင်တွင်ကျယ်ကျယ် လုပ်လာနိုင်တာကြောင့် အလုပ်လုပ်ရတာ ပျော်လာပါတယ်။ သူဟာ ခြံရှင်ဦးလေးကြီးထက် ဦးအောင်ခြံထဲဆင်းပြီး ခြံရှင်ဦးလေးကြီးထက် နောက်ကျမှ ခြံထဲက နေ ပြန်တက်လာပါတယ်။

တစ်လပြည့်တဲ့အချိန်ရောက်တော့ ခြံရှင်ဦးလေးကြီးဟာ သူဌေးသားကိုခေါ်ပြီး-

"ငါ့တူ…မင်းဟာ ဘယ်အမျိုးအနွယ်က ဆင်းသက်လာပြီး ဘယ်မြို့က လာသလဲဆိုတာ ငါ မသိဘူး။ ဒါပေမဲ့ ငါဟာ မင်းရဲ့သင်ယူလိုစိတ်နဲ့အလုပ်ကြိုးစားတဲ့စိတ်ကို သဘောကျတယ်။ မင်းကို ငါ စတွေ့ကတည်းက တစ်ခါမှ အလုပ်ကြမ်းမလုပ်ဖူးမှန်း ရိပ်မိခဲ့ပါတယ်။ ဒါပေမဲ့ မင်းရဲ့မျက်လုံးထဲမှာ အလုပ်တစ်ခုခုကို အရမ်းလုပ်ချင်တဲ့အရိပ်တွေ ထင်ဟပ်နေတယ်။ ဒါကြောင့် ငါဟာ မင်း အလုပ်လုပ်ချင်တာကို ခွင့်ပြုခဲ့တာ။ မင်း ပထမဆုံး အလုပ်စလုပ်တုန်းကလည်း တစ်ခါမှ မလုပ်ဖူးတော့ မင်း မလုပ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ မင်းဟာ အလုပ်အပေါ်မှာ စိတ်ပျက်မသွားဘဲ ဆက်လုပ်ခဲ့တယ်။ မောရင် နားတယ်။ အမောပြေရင် ထလုပ်တယ်။ မခိုဘူး၊ မကပ်ဘူး။ မင်းလုပ်နိုင်တဲ့ စွမ်းအားရှိသလောက် မင်းကြိုးစားပြီးလုပ်တယ်။ ဒါကို ငါ အလွန်သဘောကျတယ်။ မင်း အလုပ်စလုပ်ကတည်းက အခုအချိန်ထိ ဘာဖြစ်လို့ အလုပ်လုပ်ဖို့ မပြောသလဲဆိုရင် ငါက လူတစ်ယောက်ကို ဟိုဟာလုပ်ပါ၊ ဒီဟာလုပ်ပါဆိုပြီး ခိုင်းရတာ ဝါသနာမပါသလို ကိုယ့်အသိစိတ်နဲ့ကိုယ်လုပ်တာကိုပဲ လိုချင်လို့ပါ။ လူဆိုတာ ကိုယ့်ဘဝတိုးတက်ရေးအတွက် ကိုယ့်ဘာသာကြိုးစားရတယ်။ ကိုယ့်အားကိုယ်ကိုးရတယ်။ အလုပ်မလုပ်တတ်တာ ပြဿနာ

မဟုတ်ဘူး။ လုပ်ချင်စိတ်ရှိရင် သူ့ဘာသာ တဖြည်းဖြည်းနဲ့ သင်ယူလေ့လာရင်း တတ်မြောက်တယ်။ အလုပ်လည်းမလုပ်တတ်၊ လုပ်ချင်စိတ်လည်း မရှိဘူးဆိုရင် မင်းဟာ တကယ့်ပြဿနာဖြစ်သွားပြီ။ မင်းဘဝဟာ ဘယ်သောအခါမှ တိုးတက်လာမှာမဟုတ်တော့ဘူး။ အခုတော့ မင်းဟာ အလုပ်လုပ်ချင်စိတ်ရှိတယ်။ ကြိုးလည်းကြိုးစားတယ်။ ဒါကြောင့် ငါ့ခြံထဲမှာ မင်းကို အလုပ်လုပ်ဖို့ သဘောတူလိုက်ပြီ'' လို့ ပြောလိုက်ပါတယ်။

အဲဒီလို ခြံရှင်ဦးလေးကြီးရဲ့စကားကို ကြားတဲ့အခါမှာတော့ သူဌေးသားဟာ အရမ်းကို ဝမ်းသာပီတိ ဖြစ်သွားပါတယ်။

**လူတိုင်းဟာ**
**မိမိတို့ကိုယ်တိုင်**
**ကြိုးစားအားထုတ်လိုက်တဲ့**
**အောင်မြင်မှုအပေါ်မှာ**
**အသိအမှတ်ပြုခံ**
**ချီးကျူးခံရရင်**
**ကျေနပ်တတ်ကြပါတယ်။**

အခုလည်း သူဌေးသားဟာ သူ့ရဲ့အောင်မြင်မှုအတွက် ကြည်နူးနေပါတယ်။ မနက်ဖြန်ဆိုတဲ့နေ့ရက်တွေကို လှမ်းမျှော်ကြည့်ရင်း အားအင်တွေ တိုးပွားနေပါတယ်။

ဒါကြောင့် သူက ချိုမြမြလေးပြုံးပြီး-

''အခုလို ကျွန်တော့်ကို ယုံယုံကြည်ကြည် ကျွေးမွေးပြီး အလုပ်ပေးတဲ့အတွက် ဦးလေးကို အရမ်းကျေးဇူးတင်ပါတယ်။ ကျွန်တော်ဟာ ဦးလေးခြံလုပ်ငန်းကို ကျွန်တော့်ရဲ့ခြံလုပ်ငန်းလို သဘောထားပြီး အစွမ်းကုန်ကြိုးစားလုပ်ကိုင်ပါမယ်လို့ ကတိပေးပါတယ်'' ဆိုပြီး ပြောလိုက်ပါ

တယ်။ သူ့စကားကို ကြားရတဲ့အခါမှာတော့ ခြံပိုင်ရှင်ဦးလေးက ခေါင်း တဆတ်ဆတ်ညိတ်ပြီး-

“မင်းကို ငါ ယုံပါတယ်။ ဒါနဲ့ မင်းက ဘယ်ကလာတာလဲ။ အမျိုးအနွယ်ကရော ဘယ်အမျိုးအနွယ်လဲ” လို့ မေးလိုက်ပါတယ်။

အဲဒီတော့မှ သူဌေးသားက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်ပါတယ်။ သူ့ရဲ့စကားအဆုံးမှာ ခြံပိုင်ရှင်ဦးလေးကြီးက ဟက်ခနဲ တစ်ချက် ရယ်မောပြီး-

“ဪ…သူဌေးမျိုးရိုးက ဆင်းသက်လာတဲ့ သူဌေးသားလေးကို…အတွေ့အကြုံမရှိလေတော့လည်း ခံရတာပေါ့ကွာ။ မှတ်ထား… ငါ့တူ၊ ဖြတ်လမ်းကိုသဘောကျရင် ဒုက္ခရောက်တတ်တယ်။ မင်းဟာ တောအုပ်ဘေးကနေပတ်ပြီး ဖောက်ထားတဲ့လမ်းအတိုင်းသာလာခဲ့ရင် အခုလိုဘဝမျိုး ရောက်မှာမဟုတ်ဘူး။ အခုတော့ အမြန်ရောက်ချင်တဲ့စိတ်ကြောင့် ဖြတ်လမ်းကလာမိလို့ မင်း ဒုက္ခရောက်ရတယ်။ ကဲပါ…ပြီးခဲ့တာတွေ ထားလိုက်ပါတော့။ အခု မင်းက သူဌေးသားလည်း ဖြစ်တယ်။ မင်းအဖေ သူဌေးကြီးပေးလိုက်တဲ့ အရင်းအနှီးလုပ်မယ့် ငွေဒင်္ဂါးတွေလည်း ဆုံးရှုံးသွားပြီဆိုတော့ ငါက ဒီလိုလုပ်ချင်တယ်။ မင်းကို အခကြေးငွေ အနေနဲ့ မလုပ်ခိုင်းဘဲ အကျိုးတူပူးပေါင်းတဲ့သဘောနဲ့ ထွက်လာတဲ့အသီးအနှံတွေရဲ့ ရောင်းရတဲ့ငွေကို လေးပုံတစ်ပုံ ပေးမယ်။ ဘယ်လိုလဲ… သဘောတူလား” လို့ မေးလိုက်ပါတယ်။

ဒီတော့ သူဌေးသားလည်း အံ့သြဝမ်းသာသွားပြီး-

“ဟုတ်..ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဦးလေး” ဆိုပြီး ခေါင်းညိတ်လိုက်ပါတယ်။

အဲဒီနောက် ခြံပိုင်ရှင်ဦးလေးကြီးက သူဌေးသားရဲ့ပခုံးကိုပုတ်ပြီး

“မင်းမှာ စိတ်မပျက်တတ်တဲ့စိတ်ကလေး ရှိတယ်။ အဲဒီစိတ်

ကလေးကို ငါ အရမ်းသဘောကျတယ်။ ဘယ်တော့မှ မပျောက်ပျက်အောင် မင်း ထိန်းသိမ်းထားပါ။ ကဲ···သွားအနားယူတော့" လို့ ပြောလိုက်ပါတယ်။

ဒါကြောင့် သူဌေးသားလည်း ခြံပိုင်ရှင်ဦးလေးကြီးကို နှုတ်ဆက်ကာ သူ့တဲကိုပြန်လာပြီး အနားယူလိုက်ပါတယ်။

အဲဒီလိုနဲ့ သူဌေးသားဟာ ခြံလုပ်ငန်းကို ပိုပြီးကြိုးစားလုပ်ကိုင်ခဲ့ပါတယ်။

**စိတ်ပျက်မိတဲ့အခါတိုင်း**
**စိတ်မပျက်အောင် ကြိုးစားရင်း**
**သူ့ကိုယ်သူ သန်မာအောင်**
**တည်ဆောက်ခဲ့ပါတယ်။**

ဒါကြောင့် သူဟာ အောင်မြင်မှုအသီးအပွင့်လေးတွေကို ခံစားနေရပါပြီ။ အခုဆိုရင် သူဌေးသားဟာ ခြံအလုပ်တင်မက၊ အသီးအနှံတွေကို ရောင်းချရတဲ့အလုပ်တွေကိုပါ တာဝန်ပေးခံရတဲ့အထိ ဖြစ်နေပါပြီ။

ဒါပေမဲ့ သူဌေးသားဟာ သူတို့ဆီကို အသီးအနှံလာဝယ်တဲ့ကုန်သည်တွေကို သိပ်ပြီးသဘောမကျလှပါဘူး။ သူတို့ဈေးပေးတာနည်းတယ်လို့ ထင်နေပါတယ်။ သူဟာ ဖခင်ဖြစ်သူ သူဌေးကြီးဆီက အရောင်းအဝယ်ပညာကို ကျွမ်းကျွမ်းကျင်ကျင် သင်ယူတတ်မြောက်ထားတာကြောင့် 'အနည်းဆုံးဈေးနဲ့ဝယ်၊ အများဆုံးဈေးနဲ့ရောင်း' ဆိုတဲ့ကုန်သည်တွေရဲ့သဘောလက္ခဏာကို သိနေပါတယ်။

ဒါကြောင့် တစ်နေ့မှာတော့ သူဌေးသားဟာ ခြံပိုင်ရှင်ဦးလေးကြီးဆီသွားပြီး-

"ခြံထဲကထွက်တဲ့ အသီးအနှံတွေကို လာဝယ်တဲ့ကုန်သည်တွေဆီမရောင်းဘဲ ကိုယ်ကိုယ်တိုင် စားသုံးသူဆီ တိုက်ရိုက်ရောင်းဖို့ အကြံ

ပေးပါတယ်။ ပထမတော့ ခြံပိုင်ရှင်ဦးလေးကြီးဟာ သူပြောတဲ့အကြံကို သိပ်သဘောမပေါက်ပါဘူး။ သူက သေချာနားလည်အောင် ရှင်းပြတော့မှ သဘောပေါက်သွားပြီး -

"မင်းပြောတဲ့အကြံက မဆိုးဘူးကွ၊ အဲဒီလိုလုပ်နိုင်ရင် ငါတို့လည်း ဈေးပိုရမယ်။ စားသုံးသူတွေလည်း ဈေးသက်သက်သာသာနဲ့ စားသုံးရမယ်။ ငါ သဘောတူတယ်...လုပ်ကွာ" လို့ ပြောဆိုအားပေးလိုက်ပါတယ်။

ခြံပိုင်ရှင်ရဲ့ခွင့်ပြုချက်ရတဲ့အခါမှာတော့ သူဌေးသားဟာ ခြံထဲက ထွက်တဲ့အသီးအနှံတွေကို ကုန်သည်တွေဆီ မရောင်းတော့ဘဲ ကိုယ်တိုင်လှည်းငှားကာ ဈေးဆီကို သွားရောင်းချပါတော့တယ်။ သူ့ရဲ့အသီးအနှံတွေဟာ လက်ဆတ်တာကတစ်ကြောင်း၊ အခြားတစ်ဆင့်ခံဈေးသည်တွေထက် ဈေးသက်သာတာကတစ်ကြောင်း၊ သူကိုယ်တိုင် အရောင်းအဝယ်ပညာကို တတ်ကျွမ်းတာကတစ်ကြောင်း ရောင်းလို့အလွန်ကောင်းခဲ့ပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ဝင်ငွေဟာ ကုန်သည်တွေဆီကို ရောင်းလို့ရတာတွေထက် သုံးဆလောက် မြင့်တက်သွားခဲ့ပါတယ်။

ဒီလိုနဲ့ နွေမိုးဆောင်း သုံးရာသီကို ဖြတ်ကျော်ပြီးတဲ့အချိန်မှာတော့ သူတို့ဟာ ငွေကြေးတော်တော်များများ စုမိလာကြပါတယ်။ ခြံပိုင်ရှင်ဦးလေးကြီးကလည်း အရင်နှစ်တွေထက် ပိုမိုရရှိလာတဲ့ငွေတွေကိုကြည့်ပြီး ပီတိဖြာနေပါတယ်။

နောက်တစ်နှစ်ကိုရောက်တဲ့အခါမှာတော့ သူဌေးသားဟာ သူ့ရဲ့လုပ်ငန်းကို တစ်ဆင့်တက်ဖို့ စီစဉ်လိုက်ပါတယ်။ သူက ခြံထဲကထွက်တဲ့အသီးအနှံတွေသာမက အနီးပတ်ဝန်းကျင် ခြံတွေထဲကထွက်တဲ့သီးနှံတွေကိုပါဝယ်ပြီး အသီးအနှံရောင်းတဲ့သူတွေဆီကို ကိုယ်တိုင်အရောက်ပို့စနစ်နဲ့ ဈေးကွက်ချဲ့ထွင်လိုက်ပါတယ်။ ပြီးတော့ သူက များများယူတဲ့သူတွေ၊

မှန်ကန်တဲ့သူတွေဆိုရင် အကြွေးရောင်းပေးသလို ငွေလည်းချန်ပေးပါတယ်။ ဒါကြောင့် သူ့ဆီမှာ အသီးအနှံ မှာယူသူတွေ၊ ဝယ်ယူသူတွေ များပြားလာခဲ့ပါတယ်။ ဒီလိုနဲ့ သူဟာ အသီးအနှံဈေးကွက်ကို တဖြည်းဖြည်း ချဲ့ထွင်လာလိုက်တာ ဒုတိယနှစ်ရောက်တဲ့အခါမှာတော့ အသီးအနှံဈေးကွက်ရဲ့ထက်ဝက်လောက်ကို ချုပ်ကိုင်မိလာပါတယ်။ သူကိုယ်တိုင်လည်း အသီးအနှံတွေကို လူစည်ကားရာနေရာတွေဆီသွားပြီး လက်လီရောင်းစရာမလိုတော့ပါဘူး။

တတိယနှစ်ရောက်တဲ့အခါမှာတော့ သူဌေးသားဟာ ဝယ်လိုအားများလာတာကြောင့် အသီးအနှံတွေကို အစဉ်မပြတ်ရရှိစေရေးအတွက် စိုက်ပျိုးရေးခြံများကို ငွေကြိုထုတ်ပေးခြင်း၊ ခြံရှိပြီး အရင်းအနှီးမရှိတဲ့ စိုက်ပျိုးရေးခြံများကို အရင်းအနှီးကြိုထုတ်ပေးပြီး စိုက်ပျိုးစေခြင်း၊ ထွက်ရှိလာတဲ့အသီးအနှံများကို သူ့ဆီကို လာရောက်ရောင်းစေခြင်းစတဲ့အလုပ်တွေကို တိုးချဲ့လုပ်ကိုင်လာပါတယ်။

ခြံပိုင်ရှင်ဦးလေးကြီးက သူဌေးသားရဲ့လုပ်ရည်ကိုင်ရည်နဲ့အရည်အချင်းကို အလွန်သဘောကျနေပါတယ်။ ဒါကြောင့် သူဌေးသား ဘာပဲလုပ်လုပ် သာသာကြည်ကြည်နဲ့ ခေါင်းတညိတ်ညိတ်လုပ်ကာ ခွင့်ပြုပေးလေ့ရှိလာပါတယ်။

အခုဆိုရင် ခြံပိုင်ရှင်ဦးလေးကြီးနဲ့ သူဌေးသားတို့ဟာ ခြံလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာတာ အရင်ကလို သူတို့ကိုယ်တိုင် ခြံထဲကိုဆင်းပြီး လုပ်စရာမလိုတော့ဘဲ အလုပ်သမားများစွာကို ငှားရမ်းလုပ်ကိုင်နိုင်လာပါပြီ။ ခြံပိုင်ရှင်ဦးလေးကြီးဟာ သူ့ခြံထဲကနေ အသီးအနှံကောင်းများ ထွက်ရှိရေးကို ဦးစားပေးပြီး ကြီးကြပ်ဆောင်ရွက်နေသလို သူဌေးသားကလည်း ဈေးကွက်မှာ သူ့ရဲ့ကုန်ပစ္စည်းများ စဉ်ဆက်မပြတ် ဖြန့်ဖြူးနိုင်ရေး၊ ရောင်းအားတိုးမြှင့်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။

သူဌေးသားဟာ အသီးအနှံများကို ဝယ်ယူရာမှာ ဈေးမှန်ခြင်း၊ တစ်ဆင့်ပြန်ပြီး ဖောက်သည်ပေးတဲ့နေရာမှာ အမြတ်အစွန်းနည်းနည်းသာ ယူခြင်း၊ ငွေချန်ထားပေးခြင်း၊ ဆက်ဆံရေးကောင်းမွန်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာမှာ လိမ္မာပါးနပ်ခြင်းစတဲ့ အချက်အလက်များကြောင့် သူဟာ အခြားကုန်သည်တွေကို ကျော်တက်ပြီး ဈေးကွက်ကို ကြီးစိုးနိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ သုညဘဝကနေ စခဲ့တဲ့သူဌေးသားဟာ သုံးနှစ်ပြည့်ခါနီး အချိန်မှာ ငွေကြေးတွေ စုဆောင်းမိလာပါတယ်။ ဒါပေမဲ့ သူ့ရဲ့ငွေကြေးဟာ လုပ်ငန်းထဲမှာ လည်ပတ်နေတာကြောင့် သူ့ဆီမှာ ငွေပိုငွေလျှံတော့ သိပ်မရှိခဲ့ပါဘူး။ သူပိုင်ဆိုင်မှုကို တွက်ကြည့်လိုက်ရင် ငွေဒင်္ဂါးနှစ်အိတ်စာလောက် ရှိနေပါတယ်။ နေ့စဉ်လည်း အမြတ်အစွန်းတွေဟာ စီးဆင်းဝင်ရောက်နေပါတယ်။ သုံးနှစ်ပြည့်တဲ့အခါမှာတော့ သူဌေးသားဟာ ဖခင်သူဌေးကြီး မှာလိုက်တဲ့အတိုင်း အိမ်ပြန်ဖို့ ပြင်ဆင်လိုက်ပါတယ်။ ဒါကြောင့် ခြံပိုင်ရှင် ဦးလေးကြီးဆီသွားပြီး-

"ဦးလေး… ကျွန်တော် အိမ်ခဏပြန်ဦးမယ်။ အဖေက သုံးနှစ်ပြည့်ရင် အိမ်ပြန်လာခဲ့ဖို့ မှာလိုက်လို့ပါ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါနော်။ ကျွန်တော် ပြန်လာခဲ့ပါ့မယ်" လို့ ပြောဆိုခွင့်တောင်းလိုက်ပါတယ်။

ဒီတော့ ခြံပိုင်ရှင်ဦးလေးကြီးက-

"အေးလေ…မင်း သွားစရာရှိတာသွားပြီး လုပ်စရာရှိတာလုပ်ပါ။ ဒီကအလုပ်တွေကိုတော့ ဘာမှနောက်ဆံမတင်းနဲ့။ စိတ်အေးလက်အေးသွား၊ ဒါနဲ့ မင်းအဖေပေးလိုက်တဲ့ ငွေဒင်္ဂါးတွေကိစ္စ ဘယ်လိုလုပ်မလဲ။ မင်း ပြန်ယူသွားမှာလား" လို့မေးလိုက်ပါတယ်။ အဲဒီအခါမှာ သူဌေးသားက-

"ယူမသွားတော့ဘူး ဦးလေး၊ လုပ်ငန်းထဲမှာပဲ ဆက်ပြီးရင်းနှီးမြှုပ်နှံထားလိုက်မယ်။ အိမ်ရောက်မှ အဖေ့ကို အကျိုးအကြောင်းပြောပြလိုက်မယ်။ ဒါပေမဲ့ အိမ်ကယူလာတဲ့ မြင်းထက်ကောင်းတဲ့ မြင်းတစ်ကောင်တော့ ကျွန်တော် လိုချင်တယ်။ ကျွန်တော့်ကို ဝယ်ခွင့်ပေးပါ" လို့ ပြောလိုက်ပါတယ်။

သူဌေးသားရဲ့စကားကိုကြားတော့ ခြံပိုင်ရှင်ဦးလေးက-

"ငါကလည်း မင်းကို မြင်းကောင်းတစ်ကောင် ဝယ်စေချင်နေတာကွ။ မင်း မနက်ဝယ်ဖို့လုပ်၊ မြင်းကောင်းမြင်းသန့်တွေကို အရောင်းအဝယ်လုပ်တဲ့ ငါ့မိတ်ဆွေတွေရှိတယ်" လို့ အားရဝမ်းသာနဲ့ ခွင့်ပြုပြောဆိုလိုက်ပါတယ်။

အဲဒီနောက် သူဌေးသားဟာ ခြံပိုင်ရှင်ဦးလေးကြီးရဲ့ အသိမိတ်ဆွေတွေဆီက မြင်းကောင်းမြင်းသန့်တစ်ကောင်ကိုဝယ်ပြီး အိမ်ပြန်ဖို့ပြင်ဆင်လိုက်ပါတယ်။ ဒီလိုနဲ့ အိမ်မပြန်ခင်ညမှာတော့ သူဌေးသားဟာ ဖခင်သူဌေးကြီးပေးလိုက်တဲ့ စာအိတ်သုံးအိတ်ထဲမှ မဖတ်ရသေးတဲ့ နောက်ဆုံးစာအိတ်ကို ဖောက်ဖတ်လိုက်ပါတယ်။

**"ငါ့သား…နံပါတ်တစ်စာအိတ်နဲ့ နံပါတ်နှစ်စာအိတ်ကို ဖောက်ဖတ်ပြီးပြီဆိုတော့ ငါ့သားဆီမှာ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်ခြင်းတွေရှိတော့မှာမဟုတ်ဘူးဆိုတာ အဖေ ယုံကြည်တယ်။ ဒါပေမဲ့ အဖေ ထပ်ပြောလိုက်ပါဦးမယ်။ ဘဝမှာ ဘယ်လိုအကြောင်းကိစ္စပဲရှိရှိ၊ ဘယ်လိုအခက်အခဲနဲ့ပဲကြုံကြုံ ငါ့သားဟာ ကိုယ့်ကိုယ်ကိုယ် လုံးဝ စိတ်မပျက်ပါစေနဲ့"**

သူဌေးသားဟာ စာကိုဖတ်ပြီးတဲ့အချိန်မှာတော့-

"စိတ်ချပါ အဖေ၊ သား အဖေ ပေးလိုက်တဲ့စာတွေကို ဖတ်လိုက်ရလို့ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်ခြင်းတွေ မရှိတော့ပါဘူး" လို့ တီးတိုး

ရေရွတ်လိုက်ပါတယ်။ အဲဒီနောက် သူဌေးသားဟာ ပေါ့ပါးတဲ့စိတ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့စိတ်တွေနဲ့အတူ အိမ်ကို ပြန်လာခဲ့ပါတယ်။

ဒီတစ်ခါတော့ အတွေ့အကြုံတွေ များစွာရှိနေပြီဖြစ်တာကြောင့် သူဌေးသားရဲ့အပြန်ခရီးဟာ အဆင်ပြေချောမွေ့ခဲ့ပါတယ်။ ယောက်ျားပီသတဲ့ ခန္ဓာကိုယ်၊ ညိုတဲ့အသားအရေနဲ့အတူ မြင်းကြီးကိုစီးပြီး ပြန်ရောက်လာတဲ့သားကိုတွေ့တော့ သူဌေးကြီးဟာ အားရဝမ်းသာနဲ့ ဆီးကြိုထွေးပွေ့ကာ "ငါ့သားပုံစံက အရမ်းကို ပြောင်းလဲသွားတယ်။ လောကဓံရဲ့တိုက်ခိုက်မှုကို တော်တော်ခံခဲ့ရပုံရတယ်။ ဒါပေမဲ့ ငါ့သားမျက်နှာပေါ်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေကို တွေ့ရတာကြောင့် လောကဓံကို ရင်ဆိုင်အနိုင်ရလာပုံရတယ်။ ကဲ…ကဲ…သွားအနားယူပါဦး။ ညကျမှ ဖြစ်ကြောင်းကုန်စင် အဖေ့ကို ပြောပြစမ်းပါ" လို့ဆိုကာ သားဖြစ်သူကို အနားယူစေပါတယ်။

အဲဒီနောက် ညရောက်တဲ့အခါမှာတော့ သူဌေးသားက ဖြစ်ကြောင်းကုန်စင်ကိုပြောပြရာ သူဌေးကြီးက ပြုံးပြီးခေါင်းလေးညိတ်ကာ နားထောင်နေပါတယ်။ သူဌေးသားရဲ့စကားအဆုံးမှာတော့ သူဌေးကြီးက-

"အို…ငါ့သားက လောကအတွေ့အကြုံ တော်တော်စုံခဲ့တာကိုး၊ ငါ့သားကို အဖေ စိတ်ချသွားပြီ။ ဒါကြောင့် အဖေ့ရဲ့ပိုင်ဆိုင်မှုတွေအားလုံး နောက်နှစ်ကျရင် ငါ့သားကို လွှဲပေးမယ်။ အခုတော့ ငါ့သားလုပ်ချင်တဲ့ အသီးအနှံရောင်းဝယ်ရေးကို ဆက်လုပ်ပါ။ အဖေ ခွင့်ပြုတယ်" လို့ ပြောလိုက်ပါတယ်။ ဒီတော့ သူဌေးသားက-


"သားက အသီးအနှံလုပ်ငန်းကို တိုးချဲ့ချင်တယ်။ တစ်မြို့နဲ့တစ်မြို့ ရောင်းဝယ်နိုင်အောင် ကြိုးစားချင်တယ်။ ဒါကြောင့် အဖေနေတဲ့မြို့မှာလည်း အသီးအနှံရောင်းဝယ်ဒိုင် ဖွင့်ချင်ပါတယ်" လို့ ပြောလိုက်ပါတယ်။

သူဌေးသားရဲ့စကားကိုကြားတဲ့အခါမှာတော့ ဖခင်ဖြစ်သူ သူဌေးကြီးဟာ ဟက်ခနဲ တစ်ချက်ရယ်ပြီး-

"ငါ့သားကတော့ အဖေထက်တောင် လက်စောင်းထက်မယ့် သားမျိုးပါလားကွ။ အဖေ သဘောကျတယ်။ သားလုပ်ချင်တာ အဖေ လုပ်ပေးမယ်" ဆိုပြီး အားရဝမ်းသာနဲ့ ပြောလိုက်ပါတယ်။

အဲဒီနောက် သူဌေးသားဟာ သူ့လုပ်ငန်းရှိတဲ့နေရာကိုပြန်လာပြီး အသီးအနှံရောင်းဝယ်ရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာပါတယ်။ သူဟာ တစ်မြို့ပြီးတစ်မြို့ ဈေးကွက်တွေကို ချဲ့ထွင်ရင်း လုပ်ငန်းအောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။ သုညဘဝကနေ ပြန်ပြီးစခဲ့ရတဲ့ သူ့ရဲ့ဘဝဟာ ဖခင်ဖြစ်သူ ပေးလိုက်တဲ့ စာအိတ်သုံးအိတ်နဲ့အတူ ရှန်းထကာ အောင်မြင်မှုတွေကို ရယူနိုင်ခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ ဘယ်လောက်တော်ပါစေ ဒုက္ခတွေ ရောက်တိုင်း စိတ်ပျက်နေမယ်၊ အောင်မြင်မှုကို ထိုင်စောင့်နေမယ်ဆိုရင် ဘယ်သောအခါမှ ကျွန်တော်တို့ဟာ အောင်မြင်တဲ့လူတစ်ယောက်အဖြစ် တည်ရှိနေမှာမဟုတ်ပေ။




ကျွန်တော်တို့ဟာ

ပိတ်လှောင်ထားတဲ့

အတွေးတွေကြားထဲမှာပဲ

ရှင်သန်နေမယ့်အစား

ဖောက်ထွက်ဖို့ ကြိုးစားရင်းနဲ့

မအောင်မြင်ခြင်းတွေကို

နင်းချေပစ်ရပါမယ်။

သံစဉ်သစ်



# မင်း ဘယ်လောက်တော်တော် အောင်မြင်ခြင်းဟာ မင်းရှေ့လာပြီး ဒူးမထောက်ဘူး

အောင်မြင်ခြင်းဆိုတာ
ကိုယ်တိုင် ကြိုးစားမှရတာမို့
အခြားလူတွေဆီကရဖို့
အလွယ်တကူ မမျှော်လင့်ပါနဲ့။

တစ်ခါတုန်းက အောင်မြင်ခြင်းတန်ဖိုးကို နားမလည်တဲ့ လူတစ်ယောက် ရှိပါတယ်။ သူဟာ စီးပွားရေးမေဂျာနဲ့ ဘွဲ့ရထားတယ် ဆိုပေမယ့် ဘာအလုပ်မှ မလုပ်ပါဘူး။ မိဘတွေကလည်း စီးပွားရေး အဆင်ပြေတော့ သူ့ကို ချုပ်ချယ်ကန့်သတ်တာတွေ၊ အလုပ်ခိုင်းစေတာ တွေမရှိဘဲ နေချင်သလိုနေဆိုပြီး လွတ်လပ်ခွင့်ပေးထားပါတယ်။ ဒါကြောင့် လည်း သူဟာ ဘွဲ့ရထားပေမယ့်လည်း ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား ဖြစ်နေ ပါတယ်။

သူ့မှာ မွေးချင်းမောင်နှမ (၄)ယောက် ရှိပါတယ်။ အဲဒီမောင်နှမလေးယောက်ထဲမှာ သူတစ်ယောက်တည်းသာ ဘွဲ့ရထားတာပါ။ ဒါကြောင့်လည်း အိမ်မှာဆိုရင် သူက ငါသိ၊ ငါတတ်၊ ငါပြောတာ အမှန်ဆိုပြီး ဆရာကြီး လုပ်နေတတ်ပါတယ်။

**တကယ်တော့**

**လူတစ်ယောက်ရဲ့**

**အောင်မြင်မှုမှာ**

**စာတွေသိ၊ စာတွေတတ်ရုံနဲ့**

**ပြည့်စုံတာ မဟုတ်ပါဘူး။**

**မိမိလုပ်ရမယ့်အလုပ်**

**မိမိထမ်းဆောင်ရမယ့်တာဝန်တွေကို**

**ကျေပွန်စွာနဲ့**

**လုပ်ကိုင်ဆောင်ရွက်မှသာ**

**အောင်မြင်မှုဆိုတဲ့အရာဟာ**

**မိမိတို့နဲ့ ထပ်တူကျလာမှာ**

**ဖြစ်ပါတယ်။**

အခုတော့ သူဟာ "ငါဟာ စာတွေတတ်နေတာပဲ" ဆိုတဲ့ ဘဝင်မြင့်စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ပြည့်စုံပြီလို့ ထင်နေခဲ့ပါတယ်။ အလုပ်တော်တော်များများကိုလည်း "ငါနဲ့ မတန်ဘူး၊ ဒီလိုအလုပ်မျိုး ငါ လုပ်စရာလိုလို့လား" ဆိုတဲ့ မာန်မာနတွေနဲ့ ငြင်းပယ်ခဲ့ပါတယ်။

**လူတစ်ယောက်ဟာ**

**ဘဝတစ်ခုကို ရှင်သန်တဲ့အခါမှာ**

**ဘဝင်မမြင့်ဖို့ လိုပါတယ်။**

နိမ့်ချတတ်တဲ့စိတ်နဲ့
မိမိဘဝမြင့်မားရေးအတွက်
ကြိုးစားရပါမယ်။

အဲဒီလိုမှမဟုတ်ဘဲ
မိမိတတ်မြောက်ထားတဲ့
ပညာရပ်အပေါ်မှာ ဘဝင်မြင့်မယ်၊
မိမိရောက်နေတဲ့ အနေအထားအပေါ်မှာ
အောက်ခြေလွတ်နေမယ်ဆိုရင်
ဘယ်လောက်ပဲ တော်နေပါစေ
ဘယ်သောအခါမှ
အောင်မြင်ခြင်းကို ဆုပ်ကိုင်နိုင်မှာ
မဟုတ်ပါဘူး။

အဲဒီလိုနဲ့ သူဟာ ဘွဲ့ရပြီးအချိန်အတော်ကြာ ဘာအလုပ်မှမလုပ်ဘဲ နေတာကြောင့် တစ်နေ့ အလုပ်လုပ်မှာပဲဆိုတဲ့အတွေးတွေနဲ့ လွတ်လပ်ခွင့်ပေးထားတဲ့ မိဘတွေဟာ သူ့ကို အလုပ်လုပ်ဖို့ ပြောလာရပါတော့တယ်။ ဒါပေမဲ့ သူဟာ နေမြဲအတိုင်းပါပဲ။

တစ်ခါတော့ မိခင်ဖြစ်သူဟာ သူ့ကို တိုးတိုးတိတ်တိတ်ခေါ်ပြီး-

"သား...ဒီအတိုင်းနေမယ့်အစား အလုပ်တစ်ခုခု လုပ်ပါလား။ အမေက သားလုပ်စာစားချင်လို့၊ ကျွေးမထားနိုင်လို့ပြောတာ မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် သား အလုပ်လုပ်တော့ ဂုဏ်ရှိတာပေါ့" လို့ ပြောတဲ့အခါမှာ သူက-

"အမေကလည်း အလုပ်လုပ်ဖို့ပဲ ခဏခဏ ပြောနေတယ်။ ကိုယ့်သား ဘာနဲ့ဘွဲ့ရထားတာလဲဆိုတာလည်း သတိပြုဦးမှပေါ့။ သားလို စီးပွား

ရေးပညာနဲ့ ဘွဲ့ရထားတဲ့လူက ကြုံတဲ့အလုပ်ကို လုပ်ရမှာလား။ လူဆိုတာ သူနဲ့တန်တဲ့နေရာမှာနေပြီး တန်တဲ့အလုပ်ကိုလုပ်ရတယ် အမေရဲ့။ သား အလုပ်မလုပ်ချင်လို့ ဒီအတိုင်းနေနေတယ်လို့ အမေ ထင်နေသလား။ သား လည်း အလုပ်လုပ်ချင်တာပေါ့။ ဒါပေမဲ့ သားနဲ့တန်တဲ့အလုပ်က မရှိသေး ဘူးလေ။ သားက အလုပ်လုပ်ရင် သေးသေးမွှားမွှားလေးကို မလုပ်ချင် ဘူး။ လုပ်ငန်းအကြီးကြီးတွေပဲ လုပ်ချင်တာ။ ကြီးကျယ်တဲ့လုပ်ငန်းကြီး တွေကိုပဲ ဦးဆောင်ချင်တာ။ စာရေးအလုပ်၊ စာရင်းကိုင်အလုပ်တွေကို မလုပ်ချင်ဘူး။ တကယ်လို့ အလုပ်စလုပ်မယ်ဆိုရင်တောင် အနည်းဆုံး မန်နေဂျာရာထူးလောက်နဲ့မှ လုပ်ချင်တာ။ ဒါတောင် လုပ်ငန်းသေးသေး လေးထဲမှာလုပ်ရမယ့် မန်နေဂျာရာထူးဆိုရင် စိတ်မပါဘူး''

ဆိုပြီး သူ့ရဲ့ကြီးမားတဲ့ရည်မှန်းချက်ကြီးကို ချပြတတ်ပါတယ်။

ဒါကြောင့် သူ့အမေကလည်း သူ့ထက် စာပိုတတ်နေတဲ့ သားဖြစ် သူကို ဘာမှမပြောတော့ဘဲ ''နေချင်သလိုနေ၊ လုပ်ချင်တာလုပ်တော့။ ပြောရတာ မောတယ်'' ဆိုတဲ့သဘောနဲ့ လွှတ်ထားလိုက်ပါတယ်။

**တကယ်တော့**
**ဘဝဆိုတာ**
**ဖော်မြူလာတွေကြားထဲမှာပဲ**
**ရှင်သန်ကြီးထွားစေဖို့**
**မွေးဖွားလာတာ မဟုတ်တဲ့အတွက်**
**ကျွန်တော်တို့ရဲ့အတွေးစတွေကို**
**ဘောင်ကျဉ်းကျဉ်းလေးထဲမှာပဲ**
**ပိတ်လှောင်မထားဘဲ**
**ဖောက်ထွက်ဖို့ ကြိုးစားရပါမယ်။**

ဒီသဘောတရားကို သူဟာ နားမလည်ခဲ့ပါဘူး။ ''ငါဟာ ဘွဲ့ရ ပညာတတ်''ဆိုတဲ့ မာန်လေးနဲ့ သူ့ရဲ့အတွေးတွေကို ဘောင်ကျဉ်းကျဉ်း လေးမှာပဲ ပိတ်လှောင်ထားခဲ့ပါတယ်။ ဘွဲ့ရရင် ပညာတတ်ပြီဆိုတဲ့ အစဉ်အဆက် ဖော်မြူလာစကားတွေကြားထဲမှာပဲ သူဟာ ပျော်ဝင်နစ်မြုပ်နေပါတယ်။

အမှန်တော့ သူ့ကိုယ်သူ ပိတ်လှောင်ထားတဲ့အခန်းထဲကို ရောက်နေမှန်းမသိခဲ့ပါဘူး။ ဒါကြောင့်လည်း သူများနဲ့မတူတဲ့ ဆန်းသစ်တဲ့ တွေးခေါ်မှုတွေကိုပြုလုပ်ဖို့ သူ့ရဲ့အတွေးစိတ်ကူးတွေဟာ ပျောက်ဆုံးနေခဲ့ပါတယ်။

**သူဟာ**
**ရှေးရိုးစွဲအယူအဆတစ်ခုနဲ့**
**ခေတ်ဆန်သလို ဟန်ဆောင်ခဲ့ပေမယ့်**
**စွန့်လွှတ်စွန့်စားတဲ့စိတ်နဲ့**
**ဘယ်အရာကိုမှ မလုပ်ချင်ခဲ့ပါဘူး။**

**ဘဝကို သက်သာသလိုနေပြီး**
**သူ့ရဲ့ မရှိမဲ့ရှိမဲ့ဂုဏ်လေးအပေါ်မှာ**
**ဘဝင်မြင့်နေပါတယ်။**

**သူဟာ အောင်မြင်ချင်ပါတယ်။**
**အောင်မြင်တဲ့လူတစ်ယောက်အဖြစ်**
**ရှင်သန်ချင်ပါတယ်။**

**ဒါပေမဲ့**
**အောင်မြင်မှုကို ရရှိအောင်**

ကိုယ်ကိုယ်တိုင် မကြိုးစားဘဲ
သူ့ဆီရောက်လာမယ့် အောင်မြင်မှုကို
စောင့်ကြိုနေခဲ့ပါတယ်။

အောင်မြင်တဲ့လူတွေဆီက
အောင်မြင်မှုတချို့ကို
ခွဲဝေလိုချင်ခဲ့ပါတယ်။

တကယ်တော့
အောင်မြင်မှုဆိုတာ
အလွယ်တကူ တောင်းခံလို့ရတဲ့အရာ
မဟုတ်ပါဘူး။
ဘယ်သူမှ သနားကြင်နာပြီး
သူတို့ရဲ့အောင်မြင်မှုကို
ခွဲဝေမပေးပါဘူး။

ဒါကြောင့်
ကိုယ်ကြိုးစားမှ ကိုယ်ရမယ့်
အောင်မြင်မှုတွေအတွက်
ကိုယ့်ကိုယ်ကိုယ် တောက်ပနေဖို့
လိုအပ်ပါတယ်။

ဒါပေမဲ့ သူဟာ အောင်မြင်မှုကို လိုချင်ပေမယ့် မတောက်ပခဲ့ပါဘူး။ တစ်နေ့နေ့တော့ အောင်မြင်မှုဆိုတဲ့အရာဟာ ငါ့ဆီရောက်လာမှာပဲ ဆိုတဲ့စိတ်နဲ့ ရှင်သန်နေခဲ့ပါတယ်။ ကြီးမားတဲ့လုပ်ငန်းကြီးတွေလုပ်ဖို့ သူ့ဆီ

ရောက်လာမယ့်အခွင့်အလမ်းကောင်းတွေကို စောင့်မျှော်နေခဲ့ပါတယ်။ ဟိုသွားလိုက်၊ ဒီသွားလိုက်၊ ဟိုလူကို ဆရာလုပ်လိုက်၊ ဒီလူကို ဆရာလုပ်လိုက်နဲ့ လူရှိသေရှင်ရှိသေဖြစ်အောင် ကြိုးစားခဲ့ပါတယ်။

ဒါပေမဲ့ အချိန်တွေသာ တရွေ့ရွေ့ ကုန်ဆုံးလာတယ်။ သူ့ဆီကို ဘယ်အခွင့်အလမ်းကောင်း၊ ဘယ်အောင်မြင်မှုမှ ရောက်မလာခဲ့ပါဘူး။ ဒီလိုနဲ့ တစ်နှစ်ပြီးတစ်နှစ် အချိန်တွေကုန်လာတဲ့အခါမှာတော့ မိသားစုနဲ့ ပတ်ဝန်းကျင်မှာ သူ့ရဲ့ရှင်သန်မှုဟာ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လာပါတယ်။

**ဘွဲ့ရပြီးကာစက**
**သူ့ကို အထင်ကြီးနေတဲ့**
**မိသားစုနဲ့ပတ်ဝန်းကျင်ဟာ**
**အခုအချိန်မှာ**
**သူ့ကို လူပိုကြီးလို့ မြင်လာပါတယ်။**

သူ့ရဲ့ညီအစ်ကိုမောင်နှမတွေကလည်း သူပြောတိုင်း ငြိမ်မခံကြတော့ပါဘူး။ မိသားစုမှာ အရေးကြီးတဲ့ စဉ်းစားဆုံးဖြတ်ရမယ့်ကိစ္စမျိုးမှာလည်း သူ့ရဲ့အကြံပေးစကားကို ဘယ်သူမှ အရေးအရာလုပ်ပြီး နားမထောင်ကြတော့ပါဘူး။

တစ်ခါတော့ သူဟာ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ချိန်မှာ သူ့ရဲ့သူငယ်ချင်းတစ်ယောက်က -

"မင်း ဘွဲ့ရထားတာပဲ၊ ဒီလိုအလုပ်မရှိဘဲနေမယ့်အစား အလုပ်တစ်ခုခုလုပ်ပါလား။ အချိန်ဆိုတာ တန်ဖိုးရှိတယ်ကွ။ မင်းကြည့်ရတာ လက်လျားလက်လျားနဲ့ အချိန်တွေဖြုန်းနေသလိုပဲ။ ငါတို့ကတော့ မင်းလို ဘွဲ့ရပညာတတ်တစ်ယောက်ကို အလုပ်တစ်ခုခု လုပ်စေချင်တယ်" ဆိုပြီး ပြောတဲ့အခါမှာ သူက မျက်နှာထားတည်တည်ကြီးနဲ့ -

"လူတိုင်းဟာ အလုပ်တစ်ခုမဟုတ်တစ်ခု လုပ်ရမယ်ဆိုတာ ငါ သိပါတယ်။ ငါလည်း အလုပ်လုပ်ဖို့ ပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ ငါ့လိုပညာတတ်ဘွဲ့ရတစ်ယောက်က သာမန်လစာ၊ သာမန်ရာထူးလောက်နဲ့ အလုပ်မလုပ်ချင်ဘူးကွ။ ဒါကြောင့် လစာများများ၊ ရာထူးကြီးကြီးရမယ့် အလုပ်ကို စောင့်နေတာကွ" လို့ မာန်လေးဝင့်ကာ ပြန်ပြောလိုက်ပါတယ်။

အဲဒီအခါ သူငယ်ချင်းက-

"ဒါဆို အရွယ်လေးရှိတုန်း နိုင်ငံခြားသွားပြီး အလုပ်လုပ်ပါလား" လို့ ခပ်ထေ့ထေ့လေး ပြောလိုက်တော့ သူက-

"ဟာ…အလုပ်ဆိုတာ သူများနိုင်ငံသွားလုပ်မှ မဟုတ်ပါဘူး။ ကိုယ့်နိုင်ငံမှာလုပ်လည်း ရပါတယ်" လို့ ပြန်ပြောပါတယ်။

သူ့စကားကြားတော့ အခြားသူငယ်ချင်းတစ်ယောက်က အမြင်ကပ်ကပ်နဲ့ "ဒါဆို ကိုယ့်နိုင်ငံမှာပဲ အလုပ်လုပ်ပြလေ"ဆိုပြီး ဝင်ပြောတော့ သူက-

"လုပ်ပြမှာပါ၊ စောင့်ကြည့်ထားကြ၊ ငါက အကြီးကြီးလုပ်ချင်လို့ အချိန်စောင့်နေတာ။ ငါလုပ်ပြီဆိုရင် မင်းတို့တွေ မူးမေ့ပြီး လဲသွားလိမ့်မယ်" ဆိုပြီး ပြန်ချေပခဲ့ပါတယ်။

ဒါကြောင့် နောက်ပိုင်းမှာ သူနဲ့ခင်တဲ့သူငယ်ချင်းတွေကတောင် ကွယ်ရာမှာ "ဘဝင်ရူး၊ တန်ဖိုးမရှိတဲ့ကောင်၊ ငပျင်း၊ မိဘလုပ်စာ ထိုင်စားဖို့ပဲသိတယ်"ဆိုတဲ့ ဂုဏ်ထူးဝိသေသတွေနဲ့ ကဲ့ရဲ့ရှုတ်ချကြပါတယ်။

ပြီးတော့ သူနဲ့ ရောရောနှောနှောမနေတော့ဘဲ ခပ်ကင်းကင်းပဲ နေထိုင်ကြပါတော့တယ်။ ဒါပေမဲ့ သူဟာ ဘယ်သူ့မှမပေါင်းလည်း ဂရုမစိုက်ခဲ့ပါဘူး။

"တစ်နေ့ အောင်မြင်ခြင်းတွေဟာ ငါ့ရှေ့မှာ ဒူးထောက်ရမယ်။ အဲဒီအခါကျမှ ငါဟာ ဘယ်လိုလူမျိုးလဲဆိုတာ သိစေရမယ်" ဆိုပြီး

စိတ်ထဲကနေ ကြုံးဝါးနေပါတယ်။ အမှန်တော့ သူဟာ အောင်မြင်ခြင်းဆိုတဲ့ သဘောတရားကို နားမလည်တဲ့သူပါ။ ပြီးတော့ ကိုယ့်ရဲ့အနေအထိုင်၊ အပြုအမူတွေဟာ ကိုယ့်ရဲ့ဘဝကို တန်ဖိုးမဲ့စေတယ်ဆိုတာ မသိရှိဘဲ သူတစ်ပါးကို အပြစ်တင်နေပါတယ်။ သူတွေးတာ၊ ပြောတာတွေကို မှန်တယ်လို့ ထင်နေပါတယ်။

ဒါကြောင့် သူ့ရဲ့အမူအကျင့်တွေဟာ ဘယ်သူတွေ ဘယ်လောက်ပဲ ပြောပြော လုံးဝမပြောင်းလဲပါဘူး။ အိပ်လိုက်စားလိုက်၊ Face book လေးကြည့်လိုက်၊ ဘီလီယက်လေးထိုးလိုက်၊ ပိုက်ဆံလိုရင် မိဘဆီ တောင်းလိုက်နဲ့ ကြီးမားတဲ့အောင်မြင်မှုကြီးကို ရရှိပိုင်ဆိုင်ဖို့အတွက် သူ့ဆီ ရောက်လာမယ့် အခွင့်အလမ်းကောင်းကြီးတွေကို စောင့်မျှော်နေခဲ့ပါတယ်။

ဒီလိုနဲ့ အချိန်တွေက တဖြည်းဖြည်းနဲ့ ကုန်လာတယ်။ အသက်တွေက တဖြည်းဖြည်းနဲ့ ကြီးလာတယ်။ ဒါပေမဲ့ သူမျှော်လင့်တဲ့အောင်မြင်မှုအခွင့်အလမ်းကောင်းတွေဟာ သူ့ဆီကို ရောက်မလာခဲ့ပါဘူး။

ဒီလိုနဲ့ ကြာလာတဲ့အခါမှာတော့ သူ့မိသားစု၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးတွေဟာ ဘာအလုပ်မှ မယ်မယ်ရရမလုပ်တဲ့သူကို ငြီးငြင်လာပါတယ်။ ကျွေးတာမွေးတာ၊ ပေးတာကအစ မကြည်ဖြူကြတော့ပါဘူး။ အမြဲတမ်း စောင်းမြောင်းပြောဆိုကြပါတယ်။ သူ့အောက်အငယ်တွေကလည်း သူ့အပေါ် လေးစားရိုသေမှု မရှိတော့ပါဘူး။ ဒါကြောင့် သူဟာ အိမ်မှာနေရတာ မပျော်ရွှင်ဖြစ်ပြီး တစ်နေရာကိုထွက်သွားဖို့ ကြိုးစားခဲ့ပါတယ်။

**လူတစ်ယောက်ဟာ**
**မိမိတို့ရဲ့ရှင်သန်မှုပုံရိပ်ကို**
**မိမိတို့ကိုယ်တိုင်ပဲ ဆေးခြယ်ရတာပါ။**
**မိမိတို့ရဲ့အောင်မြင်မှုကို**

**မိမိတို့ကိုယ်တိုင် ရှာဖွေရတာပါ။**
**အောင်မြင်အောင် ကြိုးစားရင်**
**အောင်မြင်တဲ့လူတစ်ယောက်အဖြစ်**
**အသိအမှတ်ပြုခံရပါလိမ့်မယ်။**

အခုတော့ သူဟာ စီးပွားရေးဘွဲ့ရထားပေမယ့် ပညာကို ကောင်းစွာအသုံးမချဘဲ အောင်မြင်မှုကို စောင့်မျှော်နေတာကြောင့် အသက်ကြီးလာတာနဲ့အမျှ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းလာပါတယ်။ မိသားစုတင်မက ပတ်ဝန်းကျင်ရဲ့အထင်သေးခြင်း၊ ငြိုငြင်ခြင်းကိုပါ ခံနေရပါတယ်။

တစ်နေရာကိုထွက်သွားဖို့ ကြိုးစားပြန်တော့လည်း အဆက်အသွယ်ကမရှိ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်ဖူးတာကြောင့် ချီတုံချတုံနဲ့ မသွားရဲ၊ မလာရဲဖြစ်နေပါတယ်။

**ရဲဝံ့ခြင်းမရှိတဲ့ဘဝနဲ့**
**အရာရာဟာ**
**မျက်နှာငယ်စရာ ဖြစ်ခဲ့ရပါတယ်။**

နောက်ဆုံးမှာတော့ စီးပွားရေးနဲ့ကျောင်းပြီးထားတဲ့ ဘွဲ့ရပညာတတ်ဆိုတဲ့လူကြီးဟာ သူ့ဆီရောက်လာမယ့် အောင်မြင်ခြင်းတွေကို စောင့်မျှော်ရင်းနဲ့ အိမ်မှာပဲ ခိုကပ်နေကာ ခိုင်းတာလုပ်၊ ကျွေးတာစားဘဝကို ရောက်ရှိသွားပါတော့တယ်။

တကယ်တော့ လူတစ်ယောက်ရဲ့အောင်မြင်မှုဟာ သူဘယ်လောက်ပညာတတ်သလဲ၊ သူဘာဘွဲ့ရထားသလဲနဲ့ မဆိုင်ပါဘူး။ ကိုယ်တတ်ထားတဲ့ပညာရပ်တွေအပေါ်မှာ ဘယ်လိုအသုံးချနေသလဲ၊ မိသားစု၊ ပတ်ဝန်းကျင်ကို ဘယ်လိုအကျိုးပြုနေသလဲဆိုတာနဲ့ အဓိကသက်ဆိုင်ပါတယ်။

တကယ်လို့ ကျွန်တော်တို့ဟာ အသိပညာတွေ အများကြီးရှိတယ်။ အတတ်ပညာတွေ အများကြီးတတ်ထားတယ်။ အတွေးအခေါ်အမြော်အမြင်တွေလည်း အားကောင်းတယ်ဆိုပြီးတော့ အသုံးမချဘဲနေရင် ကျွန်တော်တို့သိထားတဲ့အသိတွေ။ ကျွန်တော်တို့တတ်ထားတဲ့ပညာတွေ၊ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေဟာ တန်ဖိုးမဲ့နေမှာပါပဲ။

ဒါကြောင့် ကျွန်တော်တို့ရဲ့ရှင်သန်မှုမှာ အောင်မြင်မှုကို လိုချင်ရင် ကျွန်တော်တို့တတ်ထားတဲ့ အသိပညာတွေ၊ အတတ်ပညာတွေ၊ တွေးခေါ်မြော်မြင်နိုင်စွမ်းတွေနဲ့ အောင်မြင်မှုဆီကိုရောက်အောင် ကိုယ်ကိုယ်တိုင်ကြိုးစားလျှောက်လှမ်းရပါမယ်။

ဒါမှသာ ထိုက်တန်တဲ့အောင်မြင်ခြင်းရဲ့တန်ဖိုးကို ခံစားရပြီး အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

**သံစဉ်သစ်**

စိတ်ဓာတ်ခွန်အားစာစုများ

# မင်း ဘယ်လောက်တော်တော်

# အောင်မြင်ခြင်း ဟာ

# မင်းရှေ့လာပြီး ဒူးမထောက်ဘူး

ကျွန်တော်တို့မှာ
ဘယ်လောက်ကောင်းမွန်တဲ့
အတွေးစိတ်ကူးတွေရှိပါစေ
လက်တွေ့မကျင့်သုံးရင်
ဘယ်အရာမှ အောင်မြင်မှာ
မဟုတ်ပါဘူး။

မင်းဘယ်လောက်တော်တော်
အောင်မြင်ခြင်းက မင်းရှေ့လာပြီး
ဒူးမထောက်ဘူး

9 798233 325458
3000 Ks

သံစဉ်သစ်